# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 20 December 2016 (၈၇၈၁)


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွားတိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)



## နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ မိသားစုအဖွဲ့က ခရစ်တော်မွေးနေ့အကြို မေတ္တာပို့ဆုတောင်းကောင်းချီးပေး

သတင်း စာမျက်နှာ - ၈

## ခက်ခဲသိမ်မွေ့သည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်သွားရန် အစိုးရက လေးနက်စွာသန္နိဋ္ဌာန်ချထား ရလဒ်ကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ခွင့်နှင့် အချိန်အတိုင်းအတာတစ်ခုလိုအပ်

# ရခိုင်ပြည်နယ်နှင့်စပ်လျဉ်းသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အာဆီယံက ကြိုဆိုခဲ့ကြ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ဆွေးနွေးပွဲတစ်ရပ်ကို ဒီဇင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အဆိုပါ အလွတ်သဘောဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Saleumxay Kommasith က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းအလွတ်သဘောဆွေးနွေးပွဲကို ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များအား အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ မိသားစုအသွင်ဖြင့် ရှင်းလင်းပြောကြားနိုင်ရန် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဆီယံ၏ စည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မာစေရေးအတွက်လည်း ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်တိုးတက်မှုများ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## မှန်မှန်ကန်ကန်ရှုမြင်ဆောင်ရွက်

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း ပြန်လည်တည်ငြိမ်အေးချမ်းအောင် နိုင်ငံတော်အစိုးရက အကောင်းဆုံး ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အများပြည်သူ ပိုမိုပွင့်လင်းမြင်သာမှုရှိစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ပြည်တွင်းပြည်ပသတင်းမီဒီယာများအား ထိုဒေသသို့သွားရောက်သတင်းယူခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

အစောပိုင်းက မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များနှင့် အစိုးရ၏ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးမှုအခြေအနေများကို ဖျက်လိုဖျက်ဆီးပြုလုပ်ပြီး အမှန်တရားကိုဖုံးကွယ်ကာ မမှန်သတင်းထုတ်လွှင့်မှုများမှာ တာဝန်သိမီဒီယာများ၏ မှန်ကန်စွာသတင်းထုတ်ပြန်ပေးမှုများကြောင့် နေလာနှင်းပျောက်ဆိုသကဲ့သို့ မမှန်သတင်းများလည်း တစ်စတစ်စလွင့်ပါးပျောက်ကွယ်သွားမည်ဟု ဆိုနိုင်သည်။

မောင်တောအရေးကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် မသမာသူလူတစ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ဘာသာရေး၊ လူမျိုးရေးအသွင်မဆောင်စေရန် သတိကြီးကြီးထားကာ လုံခြုံရေးပိုင်းဆိုင်ရာတို့ကို ဥပဒေနှင့်အညီစနစ်တကျဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

ဒုတိယအဆင့်အနေဖြင့် မြို့ရွာဒေသများအား အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်တိုးမြင့်ပြုလုပ်ခြင်းမရှိစေရန် မြို့ရွာများလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းမှာ နိုင်ငံနှင့်ပြည်သူ အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်၍ မဖြစ်မနေလုပ်ဆောင်ရမည်သာဖြစ်သည်။

တတိယအဆင့်တွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူများစိုးရိမ်ပူပန်မှုများဖြစ်ခဲ့ပြီး မြို့ရွာဆက်သွယ်ရေးလမ်းကြောင်းများ လုံခြုံရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးခဲ့သည့်အပြင် အဆိုပါဆက်သွယ်ရေးလမ်းကြောင်းများအား လုံခြုံရေးဖြင့်စောင့်ရှောက်မှုများပေးနေသည်ကို တွေ့ရသည်။

စတုတ္ထအဆင့်တွင် ရပ်ရွာများတည်ငြိမ်အေးချမ်းရေးအတွက် နေရပ်ကိုစွန့်ခွာသွားကြသော ဒေသခံများနှင့်ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်သူများအား နည်းလမ်းမျိုးစုံဖြင့်ဆက်သွယ်ကာ မိမိတို့နေရပ်တွင်ပြန်နေထိုင်ရေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။

ပဉ္စမအဆင့်တွင် ဒေသနေပြည်သူများ မိမိတို့ဒေသအတွင်းမှာပင် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်တို့ ပုံမှန်ပြန်လည်ဖြစ်လာစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ လုပ်ငန်းများပြန်လည်လည်ပတ်ပြီး အုပ်ချုပ်ရေးယန္တရားပြန်လည်တည့်မတ်လာစေရန် ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့သည့်အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရက ဒုက္ခရောက်ခဲ့ကြသော ပြည်သူများအား ထောက်ပံ့ကူညီမှုများပေးခဲ့ကြသည်။

ထိုသို့အဆင့်ဆင့်ဆောင်ရွက်ပေးမှုများနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေသည့်အပြင် ရပ်ရွာဒေသများ ပုံမှန်အတိုင်းတည်ငြိမ်အေးချမ်းစွာဖြင့် အရှည်သဖြင့်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ပေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်ပေးနေသည်။

နိုင်ငံတော်က မြို့ရွာနေပြည်သူများ၏အကျိုးကိုရှေးရှု၍ ထိုသို့စေတနာထားဆောင်ရွက်ပေးနေချိန်တွင် မသမာသူအဖျက်သမားများက မမှန်သတင်းများကို ထုတ်လွှင့်ကာ အဖျက်လုပ်ရပ်များလုပ်ဆောင်နေသည်ကို တာဝန်သိမီဒီယာများအနေဖြင့် လက်ရှိပကတိအရှိဖြစ်စဉ်မှန်များကို မှန်မှန်ကန်ကန်ရှုမြင်ကာ တုံ့ပြန်ချေဖျက်ပေးသွားကြရန် တိုက်တွန်းပါသည်။ ။

## ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် သဘာဝဘေးအန္တရာယ်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာကိစ္စများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် သဘာဝဘေးအန္တရာယ်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာကိစ္စများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် လူတို့ကြောင့် ဘေးအန္တရာယ်များဖြစ်ပွားလာပါက အဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး၊ မီးလောင်ပြင်တွင် ရောက်ရှိတာဝန်ထမ်းဆောင်နေသော မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေး၊ ပရဟိတအသင်းအားလုံး ဘေးကင်းစွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရေး၊ ကြက်ခြေနီယာဉ်၊ လူနာတင်ယာဉ်၊ နာရေးကူညီမှုအသင်း ယာဉ်များ ရှေ့တန်း ဘေးအန္တရာယ်ကင်းရှင်းသော သတ်မှတ်နေရာများတွင် နေရာယူထားရန်နှင့် လုပ်ငန်းအောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်စခန်းတာဝန်ခံများ၊ ကြက်ခြေနီအသင်းမှ တာဝန်ခံအရာရှိများ၊ လူမှုရေးအသင်းများဖြစ်သည့် မေတ္တာရေစင်၊ ပေးဆပ်ခြင်း၊ သီရိမင်္ဂလာ၊ မိုးစေတနာ ပရဟိတအသင်းတို့မှ တာဝန်ရှိသူများ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အသီးသီးမှ အရန်မီးသတ် ဒုတိယတပ်ရင်းမှူးများ၊ တပ်ခွဲမှူးများ စုစုပေါင်းအင်အား ၅၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ချေးငွေများ သတ်မှတ်ကာလအတွင်းပေးဆပ်ရေးစည်းဝေး

**ရမည်းသင်း ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် အခြေခံသမဝါယမအသင်းများ EXIM Bank ချေးငွေ သတ်မှတ်ကာလအတွင်း အပြေအကျေ ပြန်လည်ပေးဆပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်လင်းက EXIM Bank ချေးငွေဖြင့် အခြေခံသမဝါယမအသင်းသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ထုတ်ချေးခြင်းဖြင့် အသင်းသားများ စုဆောင်းသည့် အလေ့အထကောင်းများရရှိစေရန်တို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းမောင်က ချေးငွေ ပြန်လည်ပေးဆပ်ရေးနှင့် အသင်းသားများ၏ စုဆောင်းမှုအပေါ် အတိုးနှုန်းပြန်လည်ရရှိခြင်းတို့ကို ရှင်းလင်းကာ EXIM Bank ချေးငွေထုတ်ချေးရေး အဖွဲ့ခေါင်းဆောင်များ၏ကိုယ်စား သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနိုင်က အသင်းသားများ စုဆောင်းငွေစာရင်း မှတ်တမ်းရေးသွင်းထားရှိခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အခြေခံသမဝါယမအသင်း အမှုဆောင်များက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်လင်းက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့ အခြေခံသမဝါယမအသင်းသား ၂၆၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဇော်ဝင်းအောင်)**

## မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနား မုဒုံမြို့၌ ပြုလုပ်

**မုဒုံ ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် မုဒုံမြို့တွင် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မုဒုံမြို့ ရွှေဟသ်ာခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့အသံကို ပံ့ပိုးကူညီလျက်ရှိသည့် မြန်မာ့အသံချစ်သူအဖွဲ့ဝင် သတင်းထောက်သုံးဦးနှင့် အဓိကပံ့ပိုးကူညီလျက်ရှိသည့် မြန်မာ့ဩဘာလုပ်ငန်းစုကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းတင်ဆက်ခြင်း၊ မြန်မာ့ဩဘာကြော်ငြာဗီဒီယိုပြသခြင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်(မုဒုံ)**

## သရက်မြို့၌ ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်း

**သရက် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း သဘာဝဘေးကျရောက်ခဲ့သည့် ကျေးရွာများအနက် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခွင့် ရရှိခဲ့သည့် ကျေးရွာနှစ်ရွာအနက် နှစ်ရွာ တစ်ယူနစ်စနစ်ဖြင့် ဆောင်ရွက်မည့် (လက်ပံဆိပ်+ညောင်ပင်သာ)ကျေးရွာအား မြစိမ်းရောင်စီမံကိန်း လုပ်ငန်းဆိုင်ရာများ မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းကျင်းပခြင်းကို ဒီဇင်ဘာ ၁၅ ရက်က လက်ပံဆိပ်ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ အကျယ်တဝင့် ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လက်ပံဆိပ်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာမှ ကျေးရွာနေပြည်သူများ တက်ရောက်ကြရာ မြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးတို့က မြစိမ်းရောင် ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်နှင့်အညီ သိရှိစေရန် ချပြရှင်းလင်းဆွေးနွေးပေးပြီး ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်နှင့်အညီ ကျေးရွာမြစိမ်းရောင်ကော်မတီအား ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ**

## ဘီးလင်းမြို့နယ် ကျေးလက်ရုံးသစ်ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး

**ဘီးလင်း ဒီဇင်ဘာ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးခန့်ဇော်သည် ဒီဇင်ဘာ ၁၇ ရက်က ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသစ်သို့ သွားရောက်ပြီး မွန်ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်၊ မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးတို့နှင့်အတူ ရုံးသစ်ဆောက်လုပ်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

❒ ရှေ့ဖုံးမှ

ယနေ့ကျင်းပသည့် အလွတ်သဘောဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား အောက်တိုဘာလဆန်းတွင် ရဲကင်းစခန်းသုံးခုကို ကြိုတင်စီစဉ်အကြမ်းဖက်တိုက်ခိုက်ခဲ့မှုနောက်ပိုင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လတ်တလောဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ကုလသမဂ္ဂအေဂျင်စီများနှင့်ပူးပေါင်းလျက် နှစ်ဖက်လူ့အဖွဲ့အစည်းများသို့ ဖြန့်ဝေဆောင်ရွက်ပေးနေမှုများအပါအဝင် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောကြားခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယင်းသို့ ခက်ခဲသိမ်မွေ့သည့်ပြဿနာများကို ဖြေရှင်းဆောင်ရွက်သွားရန် အစိုးရက လေးနက်စွာ သန္နိဋ္ဌာန်ချထားမှုကိုလည်းကောင်း၊ အစိုးရ၏ ဆောင်ရွက်မှုများမှ ရလဒ်ကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ခွင့်နှင့် အချိန်အတိုင်းအတာတစ်ခုလိုအပ်မှုကိုလည်းကောင်း ထပ်လောင်းပြောကြားခဲ့သည်။ ထို့ပြင် အာဆီယံ၏စည်းလုံးညီညွတ်မှုမြှင့်တင်ရန်နှင့်အာဆီယံမိသားစုဝင်များအကြား ကွဲပြားခြားနားမှုများကို ခင်မင်ရင်းနှီးမှုဖြင့် ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းအဖြေရှာဆောင်ရွက်သွားရန် အရေးကြီးကြောင်းကိုလည်း အလေးထားပြောကြားခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံအစိုးရအနေဖြင့် အစည်းအဝေးကို လက်ခံစီစဉ်ကျင်းပခဲ့ခြင်းနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့ခြင်းတို့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ရခိုင်ပြည်နယ်အခြေအနေအပေါ် အာဆီယံမိသားစုနှင့် အာဆီယံအသိုက်အဝန်း စိတ်ဓာတ်ဖြင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရခိုင်ပြည်နယ်နှင့်စပ်လျဉ်းသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန် မြန်မာနိုင်ငံအစိုးရ၏ကြိုးပမ်းဆောင်ရွက်ချက်များကို အာဆီယံက ကြိုဆိုခဲ့ကြသည်။ ထို့အပြင် ဝန်ကြီးများက ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအကြား သဟဇာတရှိစွာဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ အရပ်သားပြည်သူများ၏ လူ့အခွင့်အရေးကာကွယ်ပေးရေးနှင့် ရခိုင်ပြည်နယ်၌ အားလုံးအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးမြှင့်ပေးအပ်ရေးနည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ကြသည်။ အာဆီယံနိုင်ငံများက လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးအကူအညီများပံ့ပိုးပေးရန် အသင့်ရှိကြောင်းကိုလည်း ပြောကြားခဲ့ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း လိုအပ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်ခွင့်ပြုရန်နှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ မျှဝေအသိပေးရန် အသင့်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နားလည်မှုနှင့် နွေးထွေးစွာ တုံ့ပြန်မှုတို့အပေါ် ကျေးဇူးတင်ရှိကြောင်း မြန်မာနိုင်ငံက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောဆွေးနွေးပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dato Erywan Pehin Yusof၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kan Pharidh၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Retno Marsudi၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Saleumxay Kommasith၊ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dato Sri Anifah Aman၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Perfecto Rivas Yasay,Jr.၊ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Vivian Balakrsihnan၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Don Pramudwinai၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Nguyen Quoc Dzungနှင့် အာဆီယံအတွင်းရေးမှူးချုပ် Mr. Le Luong Minh တို့ တက်ရောက်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်
အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Retno Marsudi အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့်
ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dato Erywan Pehin Yusof အား လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဒုတိယဝန်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dato Erywan Pehin Yusof တို့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Retno Marsudi နှင့် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၏ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H. E. Mr. Wang Guosheng နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လွှတ်တော်ကော်မတီအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ဖေ့စ်ဘွတ်ကဲ့သို့ လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် အလိမ်အညာသတင်းများဖြန့်ချိမှု အရေးယူရန်လိုအပ်

**ဘာလင် ဒီဇင်ဘာ ၁၉**

ဖေ့စ်ဘွတ်ကဲ့သို့သော လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် အလိမ်အညာသတင်းများ ဖြန့်ချိမှုများကို အရေးယူဖော်ထုတ်နိုင်ရေးအတွက် တရားသူကြီးများနှင့် အစိုးရရှေ့နေများက လုပ်ဆောင်ရန် လိုအပ်ကြောင်း ဂျာမနီတရားရေးဝန်ကြီး ဟိုင်ကိုမားယက်စ်က ပြောကြားလိုက်သည်။

အမေရိကန် နည်းပညာကုမ္ပဏီဖြစ်သော ဖေ့စ်ဘွတ်သည် ဂျာမနီနိုင်ငံ၏ အသရေဖျက်မှုဆိုင်ရာဥပဒေများကို လေးစားလိုက်နာရန် လိုအပ်ကြောင်း ဝန်ကြီးမားယက်စ်က ဘီးဒမ်ဆွန်တက်သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။ မားယက်စ်သည် ဝန်ကြီးချုပ် အိန်ဂျလာ မာကဲလ်၏ ညွန့်ပေါင်းအဖွဲ့တွင် ဆိုရှယ်ဒီမိုကရက်တစ်ဦးဖြစ်သည်။

လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၏ အခြေခံမူအရ အသရေဖျက်မှုကို ကာကွယ်စောင့်ရှောက်ပေးရန် မဟုတ်ကြောင်း မားယက်စ်က ပြောကြားသည်။

အသရေဖျက်မှုနှင့် သိမ်ဖျင်းသည့် ဖော်ပြချက်များသည် လွတ်လပ်သော ပြောဆိုရေးသားခွင့်နှင့် သက်ဆိုင်မှုမရှိကြောင်း၊ အမုန်းပွားစေသော ပြောဆိုရေးသားမှုများနှင့် အတုအလိမ်သတင်းများကို ဖေ့စ်ဘွတ်နှင့် အခြား ဆိုရှယ်မီဒီယာ ဝက်ဘ်ဆိုက်များမှတစ်ဆင့် ဖြန့်ချိခြင်းကို အရေးယူနိုင်ရေးအတွက် ဥပဒေရေးဆွဲဆောင်ရွက်နိုင်ရန် အစိုးရတာဝန်ရှိသူများအား တိုက်တွန်းကြောင်း ၎င်းကပြောကြားသည်။ **ရိုက်တာ။**




# ယီမင်စစ်သားများ လစာထုတ်နေစဉ် အိုင်အက်စ်တို့ကပုံးခဲ့တိုက်ခိုက်

**အေဒင် ဒီဇင်ဘာ ၁၉**

ယီမင်နိုင်ငံတောင်ပိုင်း အေဒင်မြို့ရှိ စစ်စခန်းတစ်ခုအနီးတွင် အမျိုးသားတစ်ဦးက အသေခံပုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၄၉ ဦး သေဆုံးပြီး ၆၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ယင်းတိုက်ခိုက်မှုကို ၎င်းတို့ပြုလုပ်ကြောင်း အိုင်အက်စ်တို့က ဝန်ခံခဲ့သည်။ ယီမင်အစိုးရတပ်ဖွဲ့များ၏ စစ်စခန်းတစ်ခုအနီးတွင် စစ်သားများက လစာထုတ်ယူရန် တန်းစီစောင့်ဆိုင်းနေစဉ် ပုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်တို့က အသေခံပုံးဖောက်ခွဲတိုက်ခိုက်သူ၏ ဓာတ်ပုံများနှင့်အတူ အွန်လိုင်းတွင် ကြေညာချက်တစ်ခုထုတ်ပြန်ခဲ့ပြီး ယင်းတိုက်ခိုက်မှုမှာ ယီမင်စစ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဒီဇင်ဘာ ၁၀ ရက်ကလည်း စစ်စခန်းတစ်ခု အသေခံပုံးဖောက်ခွဲတိုက်ခိုက်ခံရပြီး စစ်သား ၅၀ သေဆုံးခဲ့ရသည်။ ယင်းတိုက်ခိုက်မှုမှာလည်း အိုင်အက်စ်တို့က ၎င်းတို့ လက်ချက်ဖြစ်ကြောင်း ဝန်ခံထားသည်။

ယီမင်ပြည်တွင်းစစ်တွင် ယီမင်သမ္မတ အဘက်ဒ်ရာဘူ မန်ဆောရ်ဟာဒီ၏ တပ်ဖွဲ့များနှင့် အစိုးရကိုဆန့်ကျင်တိုက်ခိုက်နေသည့် တပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားနေခြင်းဖြစ်သည်။ အစိုးရတပ်ဖွဲ့များက အေဒင်မြို့အပါအဝင်



ယီမင်တောင်ပိုင်းကို ထိန်းချုပ်ထားပြီး အစိုးရဆန့်ကျင်ရေးတပ်ဖွဲ့များက မြို့တော် ဆာနားနှင့် မြောက်ပိုင်းဒေသများကို ထိန်းချုပ်ထားသည်။

ယခုလောလောဆယ် ယီမင်နိုင်ငံတွင် ဩဂုတ်လကတည်းက ပျက်သွားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်နိုင်မည့် အရိပ်အယောင်မတွေ့ရသေးပေ။ တစ်ချိန်တည်းမှာပင် အိုင်အက်စ်နှင့် အခြားသော ဘာသာရေးအစွန်းရောက်များက တိုက်ခိုက်မှုများ တိုးမြင့်ပြုလုပ်လာလျက်ရှိသည်။

**အင်န်အီတီချ်ကေ။**

# ကွန်ပျူတာကွန်ရက်တိုက်ခိုက်မှုများကို စုံစမ်းစစ်ဆေးရန် အမေရိကန်အမတ်များ တိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားတိုင်းပြည်များက အမေရိကန်ပြည်ထောင်စုအား ကွန်ပျူတာကွန်ရက်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်သွားနိုင်ရေးအတွက် နိုင်ငံရေးပါတီကြီးနှစ်ခုမှ ကိုယ်စားလှယ်များပါဝင်သည့် အထူးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းသွားရန် ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တစ်အမတ်များက တိုက်တွန်းလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲအပေါ် ဩဇာသက်ရောက်စေရန် ရုရှားနိုင်ငံက လုပ်ဆောင်ခဲ့သည်ဆိုသော စွပ်စွဲချက်များအပါအဝင် ကွန်ပျူတာကွန်ရက်တိုက်ခိုက်မှုများကို လေ့လာဖော်ထုတ်သွားနိုင်ရေးအတွက် အထူးကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန် လိုအပ်ပုံနှင့်ပတ်သက်၍ အမတ်များဖြစ်ကြသော ချားလ်ရှူးမားနှင့် ဂျွန်မက်ကိန်းတို့က သီးခြားစီ ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ရှူးမားသည် ဇန်နဝါရီလတွင် အမေရိကန်ကွန်ဂရက်လွှတ်တော်သစ်ဖွဲ့စည်းသည့်အခါ အထက်လွှတ်တော်ဒီမိုကရက်တစ် ခေါင်းဆောင် ဖြစ်လာမည့်ပုဂ္ဂိုလ်ဖြစ်ပြီး မက်ကိန်းမှာမူ အထက်လွှတ်တော် လက်နက်ကိုင် တပ်ဖွဲ့များကော်မတီ၏ ဥက္ကဋ္ဌဖြစ်သည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ဒီမိုကရက်တစ်ပါတီ၏ အီးမေးလ်စာလွှာများအား ကွန်ပျူတာ ဖောက်ထွင်းမှုပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်က အလေးအနက်ပြုကာ စုံစမ်းစစ်ဆေးနိုင်ရန် လိုအပ်မည်ဆို၏။

မိမိတို့၏နိုင်ငံရေးစနစ်နှင့် ရွေးကောက်ပွဲရလဒ်တို့အပေါ် ဩဇာသက်ရောက်စေရန် ကွန်ပျူတာ ဖောက်ထွင်းမှုပြုလုပ်ခဲ့ခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်သင့်ကြောင်း၊ တရုတ်နှင့် အီရန်နိုင်ငံတို့အပါအဝင် ပြည်ပနိုင်ငံများက ကွန်ပျူတာကွန်ရက် တိုက်ခိုက်မှုကို အထူးကော်မတီက အသေးစိတ်စုံစမ်းစစ်ဆေးသင့်ကြောင်း ရှူးမားက နယူးယောက်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကွန်ပျူတာကွန်ရက် ဖောက်ထွင်းခံရမှုနှင့်ပတ်သက်၍ အထူးကော်မတီက စုံစမ်းစစ်ဆေးသင့်သည်ဟု အခြားအထက်လွှတ်တော်အမတ်များကလည်း ထောက်ခံပြောဆိုခဲ့ကြသည်။

ကွန်ပျူတာကွန်ရက်လုံခြုံရေး အရေးကြီးပုံကို အမေရိကန်၏ပါတီနှစ်ရပ်စလုံးမှ အမတ်များက ထုတ်ဖော်ပြောကြားခဲ့သည်။ **ရိုက်တာ။**

# ဆိုက်ဘေးရီးယားတွင် ရုရှားစစ်ဘက်လေယာဉ်ပျက်ကျ၊ ၃၂ ဦး ထိခိုက်ဒဏ်ရာရ

**မော်စကို ဒီဇင်ဘာ ၁၉**

ရုရှားစစ်ဘက်မှ လူ ၃၉ ဦး တင်ဆောင်ပျံသန်းလာသည့် လေယာဉ်တစ်စင်းသည် နိုင်ငံအရှေ့မြောက်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိ ဆိုဗီယက်ခေတ်လေတပ်အခြေစိုက်စခန်းဟောင်းတစ်ခုအနီးတွင် အရေးပေါ်ဆင်းသက်ရန် ကြိုးပမ်းစဉ် ပျက်ကျခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါလေယာဉ်ပျက်ကျမှုတွင် သေဆုံးသူမရှိကြောင်း၊ ထိခိုက်ဒဏ်ရာရသူ ၃၂ ဦးကို လေကြောင်းခရီးဖြင့် သယ်ဆောင်ကာ ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများအနက် ၁၆ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ရုရှားအစိုးရသတင်းဌာနက ဖော်ပြသည်။

အိုင်အယ်လ်-၁၈ အမျိုးအစား အဆိုပါလေယာဉ်သည် ဆိုက်ဘေးရီးယားဒေသ ဆက်ဟာသမ္မတနိုင်ငံ တီရှီမြို့အနီးရှိ လေယာဉ်ကွင်းမှ ကီလိုမီတာ ၃၀ (၁၈ ဒသမ ၄ မိုင်) ခန့်အကွာတွင် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၄၅ မိနစ်၌ ပျက်ကျခဲ့ကြောင်း တာ့စ်သတင်းဌာနက ဖော်ပြသည်။

လေပြင်းထန်စွာတိုက်ခတ်နေခြင်းကြောင့် အဆိုပါလေယာဉ်သည် အရေးပေါ်ဆင်းသက်ရန်လုပ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း ဒေသန္တရအစိုးရအဖွဲ့ ဒုတိယအကြီးအကဲ အလက်ဇီကိုလိုဒီဇက်နီကော့ဗ်က ပြောကြားသည်ဟု အင်တာဖက်စ် သတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

အခင်းဖြစ်ပွားရာဒေသသို့ စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးများပါဝင်သောအဖွဲ့တစ်ဖွဲ့ လေကြောင်းခရီးဖြင့် သွားရောက်လျက်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အိုင်အယ်လ်-၁၈ အမျိုးအစားလေယာဉ်သည် ၁၉၅၀ ပြည့်နှစ်ကျော် ဆိုဗီယက်ခေတ်မှ ထုတ်လုပ်ခဲ့သော လေယာဉ်အမျိုးအစားဖြစ်ပြီး ယင်းလေယာဉ်သည် လေယာဉ်အဖွဲ့သား ခုနစ်ဦးနှင့် ခရီးသည် ၃၂ ဦးကို တင်ဆောင်ကာ ဆိုက်ဘေးရီးယားအနောက်ပိုင်း ကန့်ရှ်မြို့ရှိ လေတပ်အခြေစိုက်စခန်းဟောင်းမှ ခရီးသည်နှင့် လေယာဉ်အဖွဲ့သား စုစုပေါင်းလူ ၃၉ ဦး တင်ဆောင်ပျံသန်းလာခြင်းဖြစ်သည်။ **ရိုက်တာ။**



## ကမ္ဘောဒီးယား ကုန်းတွင်းဆိပ်ကမ်းတစ်ခု၌ ဆင်စွယ်များ၊ ကျားရိုးများနှင့် သင်းခွေချပ်ခွံများ ဖမ်းဆီးရမိ

**ဖနောင်ပင် ဒီဇင်ဘာ ၁၉**

ဖနောင်ပင်မြို့အနောက်ဘက် ဆင်ခြေဖုံးဒေသရှိ ကုန်းတွင်းဆိပ်ကမ်းတစ်ခု၌ အာဖရိကတိုက်မှ တင်သွင်းလာသောသစ်လုံးများအတွင်း ဆင်စွယ်များ၊ ကျားရိုးများနှင့် သင်းခွေချပ် အကြေးခွံများ တွေ့ရှိခဲ့ကြောင်း ကမ္ဘောဒီးယားအဆင့်မြင့်တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

တစ်တန်နီးပါးရှိ အဆိုပါတိရစ္ဆာန်အစိတ်အပိုင်းများကို တော်ဝင်မီးရထား ဖနောင်ပင် ကုန်းတွင်းဆိပ်ကမ်းရှိ သစ်တုံးသုံးတုံးအတွင်းဝှက်ထားသည်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖနောင်ပင်သစ်တောစီမံခန့်ခွဲရေးဌာနမှ ဒုတိယအကြီးအကဲ အွန်ဗင်နာရစ်က ပြောကြားသည်။ အာဖရိကတိုက် ဇင်ဘာဘွေနိုင်ငံမှ တင်သွင်းလာသော သစ်လုံးသုံးလုံးအတွင်း သိပ်ထည့်ထားသည့် ဆင်စွယ်များ၊ ကျားရိုးများနှင့် သင်းခွေချပ်ခွံများကို မိမိတို့တွေ့ရှိခဲ့ကြောင်း၊ အဆိုပါစီးနင်းရှာဖွေမှုကို ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း ဒေသတွင်းစုံစမ်းထောက်လှမ်းရေးဆက်ဆံရေးရုံးမှ သတင်းပေးချက်တစ်ရပ်ရရှိပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဗင်နာရစ်က ဆက်လက်ပြောကြားသည်။

မှောင်ခိုသမားများကို စုံစမ်းရန်အတွက် စုံစမ်းစစ်ဆေးမှုတစ်ရပ် ဆောင်ရွက်နေဆဲဖြစ်ရာ ယင်းတိရစ္ဆာန်အစိတ်အပိုင်းများပို့မည့်နေရာကို မသိရှိရသေးကြောင်း ၎င်းကဆိုသည်။ ဩဂုတ်လအတွင်းကလည်း ကမ္ဘောဒီးယားအနောက်တောင်ပိုင်း၊ ပရာစီဟာနောက် ပြည်နယ်ရှိ ဆီဟာနောက် ဗီလီဆိပ်ကမ်း၌ ပြောင်းဖူးကုန်သေတ္တာတစ်လုံးအတွင်းဝှက်ထားသည့် အာဖရိကတိုက်မှ သင်္ဘောဖြင့် တင်ပို့လာသည့် ဆင်စွယ် ၆၁၃ ကီလိုဂရမ်ခန့်ကို ရှာဖွေတွေ့ရှိခဲ့သည်။ **ဆင်ဟွာ။**

# ပုံတောင်ပုံညာဒေသအား ဂေဟအကျိုးပြုခရီးသွားလုပ်ငန်းဒေသအဖြစ် သတ်မှတ်နိုင်ခဲ့ပါက ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း (Ecotourism) ဒေသအဖြစ်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့တွင် လွှတ်တော်က ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က တင်သွင်းခဲ့ခြင်းဖြစ်ပြီး ၎င်းက ယခုဒေသအား Ecotourism ဒေသအဖြစ် သတ်မှတ်နိုင်ခဲ့ပါက ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သစ်ခိုးထုတ်မှုများကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး တိုင်းပြည်အတွက် အခွန်ဝင်ငွေတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အရှည်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ပြီး ဒေသထွက်ပစ္စည်းများကိုလည်း တန်ဖိုးမြှင့်ရောင်းချနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းပြည်အတွက် အရင်းအနှီးနည်းပြီး အကျိုးအမြတ်များသည့် စီးပွားရေးလုပ်ငန်းတစ်ရပ် ထူထောင်နိုင်မည်ဖြစ်သည့်အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့သည်။

ထို့ပြင် အဆိုရှင် ဒေါ်ယဉ်မင်းလှိုင်က Ecotourism ဆိုသည်မှာ ရေမြေ၊ တောတောင်နှင့် သဘာဝပတ်ဝန်းကျင်၏ အရှိတရား၊ ပကတိအခြေအနေကို သဘာဝအတိုင်း ထိန်းသိမ်းထားပြီး ခရီးသွားလုပ်ငန်းဖြင့် ဝင်ငွေရှာသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ သဘာဝအတိုင်း ထိန်းသိမ်းနိုင်ရန်အတွက် အဓိကအနေဖြင့် ခရီးသွားလုပ်ငန်းအတွက် အခြေခံအဆောက်အအုံများ ဆောက်လုပ်သည့်နေရာတွင် ဒေသသုံးပစ္စည်းများကို အသုံးပြုပြီး ဆောက်လုပ်ရခြင်း၊ လျှပ်စစ်သုံးစွဲရာတွင်လည်း ဆိုလာစနစ်ဖြင့်ဖြစ်စေ၊ လေအားစနစ်ဖြင့်ဖြစ်စေ အသုံးပြုရခြင်း၊ ရေကိုခြွေတာသုံးစွဲရခြင်း၊ အမှိုက်စွန့်ပစ်မှုများကို အထူးပြုထိန်းသိမ်းရခြင်း၊ ရှိရင်းစွဲသစ်ပင်၊ ရေမြေ၊ တောတောင်နှင့် တိရစ္ဆာန်များကို လုံးဝနှောင့်ယှက်ဖျက်ဆီးမှုမပြုရခြင်း၊ အားကစားနည်းများထည့်သွင်းရာတွင်လည်း ကိုယ်ကာယကို အသုံးပြုသည့် စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်း၊ လှေလှော်ခြင်းစသည့် ကစားနည်းများသာ အသုံးပြုရခြင်းဆိုသည့် စည်းကမ်းများကို အထူးလိုက်နာကျင့်သုံးရပါကြောင်း၊ ထို့ကြောင့် အခြားခရီးသွားလုပ်ငန်းများထက် အရင်းအနှီး စိုက်ထုတ်ရမှုနည်းပါးပြီး အကျိုးအမြတ်မှာ ပိုမိုသာလွန်မည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်။

ယောဒေသရှိ ပုံတောင်ပုံညာသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး ထိစပ်ရာတွင်တည်ရှိပြီး တောင်၊ မြောက်သွယ်တန်းနေသည့် တောင်တန်းကြီးနှစ်သွယ်ဖြစ်သည်။ အရှေ့ဘက်တွင် ပုံတောင်တောင်တန်းနှင့် အနောက်ဘက်တွင် ပုံညာတောင်တန်းတည်ရှိပြီး ကမ္ဘာ့သိက္ခုန်းရွှေဝါထွက်သည့် အရပ်ဖြစ်သည့်အပြင် အဖိုးတန်သည့် ပိတောက်၊ တမလန်း၊ ရှားပါးငှက်၊ တိရစ္ဆာန်မျိုးစုံနှင့် သစ်ခွမျိုးစုံတို့ ထွက်ရှိသည့် ဂေဟစနစ်ကြွယ်ဝသည့်ဒေသဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးတွင် နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၏ အင်ကြင်းကျောက်တူးဖော်တင်ပို့ရောင်းချနေခြင်းကို နိုင်ငံတော်နှင့်ဒေသခံများ အကျိုးအမြတ်ဖြစ်ထွန်းစေရေးအတွက် မည်ကဲ့သို့သော မူဝါဒများ ချမှတ်သွားမည်နှင့် မည်ကဲ့သို့သော ဈေးကွက်ဖော်ဆောင်ပေးခြင်းများပြုလုပ်ပေးမည်ကို သိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အင်ကြင်းကျောက်၏ သဘောသဘာဝအရ သတ္တုနှင့်စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းများကဲ့သို့ လုပ်ကွက်တစ်ကွက်အတွင်း အကြောလိုက်တည်ရှိနေခြင်းမဟုတ်ဘဲ နေရာအနှံ့အပြားတွင် တွေ့ရှိရသည့်အတွက် လုပ်ကွက်နေရာ သတ်သတ်မှတ်မှတ်တူးဖော်ခွင့်ပြုရန် အခက်အခဲရှိပါကြောင်း။

သို့သော်လည်း တရားဝင်ဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ရရှိသည့် အင်ကြင်းကျောက်များအပေါ် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများက သတ်မှတ်သော ဒေသပေါက်ဈေးငွေကျပ်ဖြင့် ခွတ်သတ္တုခွန်ကို သတ္တုတွင်းဦးစီးဌာနသို့ပေးဆောင်စေပြီး ပြည်တွင်း ပြည်ပ သယ်ယူရောင်းချမှုကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင်တူးဖော်ရောင်းချနေသည့် အင်ကြင်းကျောက်လုပ်ငန်းများကို တရားဝင်လုပ်ငန်းများဖြစ်လာစေရေး၊ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်အခများ ဆုံးရှုံးလျော့ပါးမှုမဖြစ်စေရေးနှင့် တရားမဝင်သယ်ဆောင်ရောင်းချမှုများ မရှိစေရေးအတွက် အင်ကြင်းကျောက်လုပ်ငန်းရှင်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ကုမ္ပဏီများ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်းအပိုင်းအနေဖြင့် အချောထည်ပြုလုပ်ရန်အတွက် နည်းပညာလိုအပ်ချက်ရှိခြင်း၊ ငွေကြေးနှင့်စက်ကိရိယာ ရင်းနှီးမြှုပ်နှံမှု ပမာဏမြင့်မားခြင်း၊ ပြည်တွင်းအသုံးပြုမှုနည်းပါးပြီး ပြည်ပဝယ်လက်၏လိုအပ်ချက်အပေါ် မူတည်ပြီး ဈေးကွက်ဖြစ်တည်ရခြင်းတို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် ချောကြမ်း (semi- finish)အဆင့်ပြုပြင်ပြီး အင်ကြင်းကျောက်များ တင်ပို့ရောင်းချခြင်းအား ဖြေလျှော့၍ ခွင့်ပြုပေးပါကြောင်း ဖြေကြားသည်။

ထို့ပြင် ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်းနှင့် မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေးတို့၏ လျှပ်စစ်ကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် သဘောကွဲလွဲသည့် ပြင်ဆင်ချက် ခြောက်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

# မက်သာဒုံးဆေးအစား တိုင်းရင်းဆေးဝါးများအခြေခံသည့် မူးယစ်ဖြတ်ဆေးများ စီစဉ်ထုတ်လုပ်ပေးရန် အစီအစဉ် ရှင်းလင်းဖြေကြား

**နေပြည်တော် ဒီဇင်ဘာ ၁၉**
ရေလှောင်တမံများ၏ နောင်ရေရှည်တည်တံ့ရေးနှင့် လုံခြုံစိတ်ချစွာ အကျိုးပြုစေနိုင်ရေးအတွက် တမံအတွင်း သဲနုန်းပို့ချမှုအခြေအနေများကို အစဉ်အမြဲစောင့်ကြည့်စီမံကာ လိုအပ်သည့် စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး လိုအပ်လျှင်လိုအပ်သလို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် ပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ မကွေးတိုင်းဒေသကြီးအတွင်းရှိ တမံ ၅၅ ခုကို ဖုံးလွှမ်းလျက်ရှိသော သဲနုန်းများအား ဖယ်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တမံထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောလျင်စွာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဖြေကြားစဉ် ထိုသို့ပြောကြားခြင်း ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီးသည့် ရေလှောင်တမံများတွင် ရေလှောင်တမံ ၁၂ ခုမှာ နှစ်(၂၀)သက်တမ်းနှင့်အထက်ရှိပြီး အများစုမှာ သက်တမ်း (၁၀)နှစ်မှ (၁၅)နှစ်နှင့်အထက်ရှိပြီဖြစ်ပါကြောင်း၊ သစ်တောပြုန်းတီးမှုများလာသည်နှင့်အမျှ သဲနုန်းပို့ချမှုပိုမိုလာသောကြောင့် တမံအတွင်း သဲနုန်းပို့ချမှုရှိသော်လည်း ရေထုတ်ပြွန်ကြမ်းခင်းသို့ရောက်ရှိရန် များစွာလိုသေးသဖြင့် ရေထုတ်ပြွန်ပေါက်မှ ရေထုတ်လွှတ်ပေးဝေမှုနှင့် ရေပိုလွှဲအား ထိခိုက်စေနိုင်မှုများ မရှိသောကြောင့် လတ်တလောတွင် သဲနုန်းတူးဖော်ဖယ်ရှားခြင်းလုပ်ငန်းဆောင်ရွက်ရန်မလိုအပ်ပါကြောင်းနှင့် အခြားရေလှောင်တမံများတွင် သဲနုန်းပို့ချမှုမှာ ရေထုတ်ပြွန်ကြမ်းခင်းအထိ မရောက်သေးပါသဖြင့် သဲနုန်းတူးဖော်ရန် မလိုအပ်သေးပါကြောင်း ဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၏ မူးယစ်ဆေးစွဲဝေဒနာရှင်ကုသမှုတွင် မက်သာဒုံးဆေးအစား တိုင်းရင်းဆေးဝါးများအခြေခံသည့် မူးယစ်ဖြတ်ဆေးများ စီစဉ်ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးက တိုးတက်ရန်ဆိုလျှင် သုတေသနလုပ်ငန်းများ အားကောင်းရန် လိုအပ်ပါကြောင်း၊ သုံးစွဲမည့်တိုင်းရင်းဆေး ထိရောက်မှုရှိ/မရှိ၊ အန္တရာယ်ရှိ/မရှိကို သုတေသနပြုလုပ်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများကို ထိရောက်စွာပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ၁၉၉၉ ခုနှစ် တိုင်းရင်းဆေးသုတေသနညီလာခံတွင် တင်သွင်းသည့် စာတမ်း၌ ရာကဲဆေးဖြင့် မူးယစ်ဆေးဝါးဖြတ်ရန် ဖတ်ကြားတင်ပြခဲ့ပါကြောင်း၊ အလားတူ ၂၀၀၄ မှ ၂၀၁၄ အထိ တောင်ကြီးစဝ်စံထွန်းဆေးရုံတွင် ရာကဲဖြင့် မူးယစ်ဆေးဖြတ်ခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော်လည်း ဆေးများကို သုံးစွဲသင့် / မသင့်ကို ယုံကြည်မှုရှိစေရန် သုတေသနလုပ်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးဝါး သုတေသနလုပ်ငန်းဆောင်ရွက်ရာတွင် အဆင့် လေးဆင့်ရှိပါကြောင်း၊ အန္တရာယ်ရှိ/မရှိ၊ ဘေးထွက်ဆိုးကျိုးရှိ/မရှိ အပါအဝင် အခြားအဆင့်များကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်သည့်အပြင် နိုင်ငံတကာနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းဆေးသုတေသနလုပ်ငန်း အားနည်းနေပါကြောင်း၊ သို့ဖြစ်၍ အထူးပြုလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၏ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ ဈေးကွက်ခိုင်မာမှုရရှိစေရေး မေးခွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၏ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ရှင်းလင်းဖတ်ကြားပြီး ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါ်ခင်ဆွေလွင်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

**မျိုးမြင့် (သတင်းစဉ်)**

# ဓာတ်တော်စုံညီ မောင်တောဌာနီ

ဆောင်းပါးနှင့် ဓာတ်ပုံ
အေဝမ်းစိုး

ကျွန်တော်သည် ပြီးခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းနှင့် ဒီဇင်ဘာလဆန်းပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့သို့ ရက် ၂၀ ခန့် ခရီးသွားခွင့်ကြုံခဲ့ရသည်။ မောင်တောမြို့နယ်သည် အရှေ့ဘက်တွင် မယူတောင်တန်းနှင့် ဘူးသီးတောင်မြို့နယ်၊ တောင်ဘက်တွင် ရသေ့တောင်မြို့နယ်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နတ်မြစ်တို့ဝန်းရံထားပြီး မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ တည်ရှိသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံးမြို့ တစ်မြို့ဖြစ်ပြီး ရန်ကုန်မြို့မှ ၄၁၃ မိုင်ကွာဝေးသည်ဟု သိရှိရသည်။

မောင်တောမြို့နယ်သည် ရခိုင်ဘုရင်များအုပ်စိုးစဉ်ကာလကပင် မြို့ပြအဖြစ်တည်ရှိနေခဲ့သော ဒေသဖြစ်သည်။ ကစ္ဆပနဒီအနောက်ဘက် ၉၉ မြို့စာရင်းတွင် ငတ်ဝမြို့အဖြစ်တွေ့ရှိရပြီး အင်္ဂလိပ်တို့အုပ်ချုပ်သည့်ကာလအထိ အနောက်ငယ်မြို့အဖြစ် ခေါ်ဝေါ်ခဲ့ကြသည်။ တပ်အင်အားအစောင့်အရှောက်များချထားရာ ဒေသဖြစ်သဖြင့် တပ်ချောင်းဟုလည်း ခေါ်ဝေါ်ခဲ့ကြသည်ဟု မောင်တောမြို့နယ်သမိုင်းမှတ်တမ်းတွင် ဖော်ပြထားသည်။

မောင်တောမြို့ အမည်တွင်လာပုံမှာလည်း အမျိုးမျိုးအဖုံဖုံရှိသည်ကိုတွေ့ရသည်။ ရှေးအခါက ယင်းဒေသတွင် နတ်မောင်နှမတို့ နေထိုင်ခဲ့ကြရာ နှမတော်နတ်သည် မင်္ဂလာကြီးတောင်တန်းတွင် နေထိုင်ပြီး မောင်တော်နတ်က မောင်တောနေရာတွင် နေထိုင်ခဲ့သည်။ မောင်တော်နေထိုင်ရာကို အစွဲပြု၍ မောင်တော်မှ မောင်တောဖြစ်လာသည်ဟု ဆိုကြသည်။ ထို့ပြင် ရခိုင်ဘုရင်များလက်ထက် တိုက်စည်တိုက်မောင်းထိုး၍ စစ်ထိုးရာအရပ်ဒေသဖြစ်ခဲ့သဖြင့် မောင်းထိုးပြင် မောင်းထိုးမှ နောင်တွင်မောင်တောဖြစ်လာသည်ဟူ၍ တစ်မျိုး၊ ဗမာမြို့ဝန်များလက်ထက်တွင် မောင်တောဒေသတွင် တပ်တာအစောင့်အရှောက်များ ချထားခဲ့ရာ တပ်မှူးမှာ မောင်တိုးအမည်ရှိသဖြင့် မောင်တိုးမှ မောင်တောဖြစ်လာသည်ဟူ၍ တစ်ဖုံ၊ အင်္ဂလိပ်တို့အုပ်ချုပ်ခဲ့စဉ်က မြို့အုပ်မှာ မောင်တော်အမည်ရှိသဖြင့် မောင်တော်မှ မောင်တောဟူလည်း ဆိုစမှတ်ပြုကြပြန်သည်။

၁၉၆၀ ဝန်းကျင်ခန့်က ရုံးဌာနအသီးသီးဆိုင်းဘုတ်များတွင် မောင်တော်မြို့ဟုရေးသားခဲ့ပြီး ၁၉၇၀ ဝန်းကျင်ခန့်တွင် မောင်းတောဟုရေးသားခဲ့ကြသော်လည်း ယခုအခါ မောင်တောဟုသာ ရေးသားလျက်ရှိဟုမှတ်သားရသည်။

မောင်တောမြို့၏ သာသနာတော်သည် ရခိုင်ပြည်နယ်၏ သာသနာတော်နှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိလာခဲ့သည်။ ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာတော်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရောက်ရှိခဲ့ကြောင်း ရာဇဝင်သမိုင်းကျောက်စာများက ဖော်ပြထားသည်။ မြတ်စွာဘုရား ဓညဝတီရခိုင်ပြည်သို့ကြွရောက်တော်မူပြီး မဇ္ဈိမဒေသသို့အပြန်တွင် မုဆိုးတောင်းပန်သဖြင့် မယူတောင်တန်းပေါ်တွင် ခြေတော်ရာ တစ်ဆူပေးသနားတော်မူခဲ့သည်ဟူ၍လည်း အဆိုတစ်ရပ်ရှိခဲ့ဖူးသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဓညဝတီအမည်ရှိ ရခိုင်ပြည်သို့ ကိုယ်တော်တိုင်ကြွရောက်တော်မူသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကို မြတ်စွာဘုရား၏ ရှေ့တော်မှောက်တွင် ရခိုင်ဘုရင်စန္ဒသူရိယမင်းနှင့် မှူးမတ်ပြည်သူအပေါင်းက သွန်းလုပ်တော်မူခဲ့ကြသည်။ ထိုအချိန်မှစ၍ ရခိုင်ပြည်တွင် ဗုဒ္ဓသာသနာထွန်းကားခဲ့ခြင်းဖြစ်သည်။

“ ချစ်သား အာနန္ဒာ ငါဘုရားနုစဉ်ဘဝ ပါရမီဖြည့်ကျင့်ခဲ့စဉ်ကာလက ကျင်လည်ခဲ့ဖူးသော အရပ်ဒေသတို့သည် များစွာရှိလေ၏။ ယင်းဒေသများတွင် ငါ၏ ရိတော်၊ ရိုးတော်၊ သားတော်တို့သည် တည်လတ္တံ့။ ထင်ရှားသော အရပ်ဒေသတို့တွင် ပူဇော်မှုပြုလိမ့်မည်၊ မထင်ရှားသော အရပ်ဒေသတို့ တိမ်မြုပ်နေလိမ့်မည်” ဟူသော ဗျာဒိတ်တော်နှင့်အညီ မောင်တောဒေသတွင် ဓာတ်တော်၊ မွေတော်များ များစွာကိန်းဝပ်လာခဲ့ရသည်။ မောင်တောမြို့နယ်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော်၊ မွေတော်သရီရအများအပြား ကိန်းဝပ်တည်ရှိရာဒေသဖြစ်သည်။ ယခုမျက်မှောက်ကာလတွင် သရီရဓာတ်စေတီတော်အဖြစ် အထင်အရှားဖူးတွေ့နိုင်သော ဓာတ်စေတီငါးဆူမှာ ဝက်ကျိန်းဓာတ်စေတီတော်၊ ဖားဝပ်ချောင်းဓာတ်စေတီတော်၊ ခိုမင်းဓာတ်စေတီတော်၊ သရီကုန်ဘောင်ဓာတ်စေတီတော်နှင့် ဉဒေါင်းဓာတ်စေတီတော်တို့ဖြစ်ကြသည်။

မြတ်စွာဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များ ရခိုင်ပြည်သို့ ရောက်ရှိလာခဲ့ပုံနှင့်ပတ်သက်၍ မောင်တောမြို့မ ကျောင်းတိုက်ဆရာတော် အသျှင်ကေတုက “ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူ၊ စန္ဒသူရိယမင်းလည်း နတ်ရွာစံပြီးနောက် ငါးဆက်မြောက်ဘုရင်အဖြစ် ရခိုင်ပြည်မှာ သူရိယစက္ကမင်း စိုးစံတော်မူခဲ့တယ်။ သူရိယစက္ကမင်းနဲ့ တစ်ချိန်တည်း အိန္ဒိယမှာလည်း သီရိဓမ္မာသောကမင်းကြီး အုပ်ချုပ်နေတဲ့ကာလဖြစ်တယ်။ သီရိဓမ္မာသောကမင်းကြီးက ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် သာသနာသက္ကရာဇ် ၂၂၂ ခုနှစ်မှာ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီး တည်ထားခဲ့တဲ့ ဓာတ်ပေါင်းစုံ စေတီတော်ကြီး၏ ဌာပနာတိုက်ကိုဖွင့်တော်မူခဲ့တယ်။ သီရိဓမ္မာသောကမင်းကြီးဟာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်ရဲ့ လမ်းညွှန်မှုနဲ့ မြတ်စွာဘုရားရှင်ရဲ့ ဗျာဒိတ်တော်ခတ်နှိပ်ခဲ့ရာ ဇမ္ဗူဒိပ်ကျွန်း အရပ်ဒေသအသီးသီးမှာ ရှစ်သောင်းလေးထောင်သော စေတီတော်မြတ်များကို တည်ထားတော်မူခဲ့တယ်။ ဓာတ်တော်မွေတော်တွေကို တိုင်းဒေသအသီးသီးကို ပေးဝေခဲ့တယ်။ ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီး ရရှိမယ့် ဓာတ်တော်များကို ပင့်ဆောင်ဖို့ ရှင်မဟာတိဿနဲ့ ရှင်ဗာကုလမထေရ်မြတ်နှစ်ပါးကို ရွေးချယ်စေလွှတ်ခဲ့တယ်။ သူရိယစက္ကမင်းကြီးက သက္ကရာဇ် ၂၃၅ ခုနှစ် ဘီစီ ၂၉၃ ခုနှစ်မှာ ရဟန္တာမထေရ်မြတ်နှစ်ပါးကို အမှူးထားပြီး ဘုရားရှင်ရဲ့ ဗျာဒိတ်တော်အတိုင်း ရခိုင်ပြည်အနှံ့ ဓာတုစေတီတော်များ တည်ထားတော်မူခဲ့တယ်။ မောင်တောမြို့နယ်မှာ ဓာတ်တော် ၂၆ ဆူ ကိန်းဝပ်ပြီး အချို့ဓာတ်တော်နေရာတွေက ရှာဖွေတွေ့ရှိဖို့ မလွယ်တော့ဘူး။ အခုလက်ရှိ မောင်တောမြို့နယ်အတွင်းမှ ဓာတ်တော်ကိန်းဝပ်ခဲ့တဲ့ နေရာငါးခုက ဝက်ကျိန်းဓာတ်စေတီတော်၊ ဖားဝပ်ချောင်းဓာတ်စေတီတော်၊ ခိုမင်းဓာတ်စေတီတော်၊ သရီကုန်ဘောင်ဓာတ်စေတီတော်နှင့် ဉဒေါင်းဓာတ်စေတီတော်တို့ဖြစ်ပါတယ်” ဟု မိန့်ကြားသည်။



မောင်တောမြို့အရှေ့ဘက် သုံးမိုင်ခန့်အကွာတွင် တည်ထားကိုးကွယ်သည့် ခိုမင်းဓာတ်စေတီတော်ကို ဖူးတွေ့ရစဉ်။

## ဝက်ကျိန်းဓာတ်စေတီ

ရှေးရခိုင်ဘုရင်မင်းများလက်ထက်တွင် ဘုရားရှင်၏ ဗျာဒိတ်တော်အရ ဓာတ်တော်၊ မွေတော်များကို ဓာတုစေတီအဖြစ် ဌာပနာပြု တည်ထားကိုးကွယ်လာခဲ့ကြသည်။ မောင်တောမြို့နယ်၏ မြောက်ဘက်တွင် ဝက်ကျိန်းဓာတ်စေတီတော်မြတ်အား သာသနာသက္ကရာဇ် ၂၂၂ ခုနှစ် (ဘီစီ ၃၂၁)တွင် ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီးက ဘုရားရှင်နုစဉ်ဘဝ ဝက်မင်းအဖြစ်ကျင်လည်ခဲ့ရာ သန္တဝါရပဗ္ဗတအမည်ရှိသော မယူတောင်တန်း၏ အနောက်ဘက်တောင်ပေါ်၌ ဗုဒ္ဓဘုရားရှင်၏ ထိပ်တော်မှဖြစ်သော သရီရဓာတ်တော်ကို ဌာပနာလျက် ဝက်ကျိန်းဓာတ်စေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။

အေဒီ ၁၆၀၀ ခန့်က မန်နရိတ်၏ မှတ်တမ်းတွင် မယူတောင်တန်းအနောက်ဘက်ကမ်း၌ ဘုရားစေတီများစွာ တွေ့ရကြောင်း ရေးသားထားသဖြင့် ယင်းကာလမတိုင်မီကပင် ဤစေတီတော်မြတ် တည်ရှိခဲ့ကြောင်း မှတ်ယူနိုင်သည်။ အေဒီ ၁၇၃၂ ခုနှစ်တွင် လက်ရှိစေတီတော်အနီး သူတော်စင် ဦးရန်အောင်က ဓာတ်တော်များကွန့်မြူးသည်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ထိုဓာတ်တော် ခနစ်ဆူကို ဌာပနာကာ ဤစေတီတော်ကို အသစ်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့နောက်ပိုင်း ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြောင့် မောင်တောမြို့နယ်မှ တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များသည် အိန္ဒိယနိုင်ငံသို့ စစ်ဘေးဒုက္ခသည်များအဖြစ် သွားရောက်နေရစဉ် မသမာသူများ၏ ဖျက်ဆီးခံရသောကြောင့် ၁၉၄၆ ခုနှစ်တွင် တိုင်းရင်းသားများ မိမိဌာနေသို့ ပြန်လည်ရောက်ရှိလာသည့်အခါ အပျက်အစီးများကိုသာ တွေ့ကြရသည်။ ၁၉၅၈ ခုနှစ်တွင် မောင်တောမြို့မကျောင်းတိုက်ဆရာတော် အသျှင်သာဂရကြီးမှူးပြီး ဘုရားနှင့်အနီးစပ်ဆုံးကျေးရွာများမှ ဒါယကာများဖြင့် ဘုရားဂေါပကအဖွဲ့ဖွဲ့စည်းပြီး စေတီတော်ကိုပြန်လည်တည်ထားခဲ့ကြရာ မောင်တောမြို့နယ် မင်းကြီးကျေးရွာအနီး သန္တဝါရပဗ္ဗတတောင်ပေါ်တွင် ဉာဏ်တော်အမြင့် ၁၁ တောင်ရှိ ဝက်ကျိန်းဓာတ်စေတီတော်ကို ဖူးတွေ့ရခြင်းဖြစ်သည်။

## ဖားဝပ်ချောင်းဓာတ်စေတီ

မြတ်စွာဘုရားရှင်နုစဉ်ဘဝ ပါရမီတော်ဖြည့်စဉ်က ဤဒေသတွင် ဖားမင်းဖြစ်ခဲ့ဖူးသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် မျက်ရိုးတော်မှဖြစ်သော သရီရဓာတ်တော်သည် ဗျာဒိတ်တော်မြတ်အတိုင်း ကိန်းဝပ်လာပြီးလျှင် ထိုဓာတ်တော်ကိုဌာပနာပြုလျက် ဖားမင်းဘဝကို အမှတ်ရစေရန် ရည်ညွှန်းကာ ဖားဝပ်ချောင်းဓာတ်တော်စေတီဟု ခေါ်တွင်လျက်ရှိသည်။ သူရိယစက္ကမင်းကြီး (ဘီစီ၃၁၆-၂၇၂)က ရဟန္တာအရှင်မြတ်နှစ်ပါးကို ခရီးဦးကြိုဆိုလျက် ဓာတ်တော်များကို ဝမ်းမြောက်ဝမ်းသာလက်ခံတော်မူပြီး ဘုရင်ကြီးနှင့် မိဖုရားကြီး ရုစိတာဒေဝီတို့သည် သာသနာနှစ် ၂၂၂ ခုနှစ် ဘီစီ ၃၂၁ ခုနှစ်တွင် ဗျာဒိတ်တော်ရနေရာ အသီးသီး၌ စေတီတော်မြတ်များကို တည်ထားကြလေသည်။

ဤသို့ဖြင့် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်များကို ဖြတ်ကျော်လာခဲ့ကာ မြောက်ဦးခေတ် မြောက်ဦးရွှေနန်းရှင် ဘုရင်မင်းဗာကြီးသည် အေဒီ ၁၅၃၆ ခုတွင် ငကျဉ်တောက်မြို့၏ တစ်ဖက်ရှိ ဖားဝပ်ချောင်းဓာတ်တော်စေတီကို ပြုပြင်မွမ်းမံခဲ့လေသည်။ ထို့နောက် ကောဇာသက္ကရာဇ် ၉၈၉ ခုနှစ်တွင် ဘုရင်သီရိသုဓမ္မရာဇာက နောက်ထပ်တစ်ဖန်ပြုပြင် မွမ်းမံခဲ့ကြောင်း သမိုင်းမှတ်တမ်းများက ဆိုကြသည်။

၁၉၄၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အရေးအခင်းကြောင့် မောင်တောမြို့နယ်မှ ရခိုင်ကျေးရွာများအားလုံး ပျက်စီးခဲ့ပြီး ပြုစုစောင့်ရှောက်သူမရှိဖြစ်ခဲ့ရာ စေတီတော်မှာလည်း အုတ်ပုံအုတ်ကျိုးများအဖြစ် တွေ့ရှိရသည်။ ပျက်စီးနေသည့်နေရာမှ ရောင်ခြည်တော်ကွန့်မြူးသည်ကို ဖူးတွေ့ရပြန်ရာ ၁၃၅၆ ခုနှစ်တွင် မောင်တောမြို့မကျောင်း ဆရာတော်ကြီး အသျှင်သာဂရ၏ ဩဝါဒနှင့်အညီ ယူအမ်ပီတပ်မှ ဗိုလ်ကြီးဘိုနီနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ ပူးပေါင်းလျက် ဉာဏ်တော်အမြင့် ၂၅ တောင်ရှိ စေတီတော်မြတ်ကို တည်ထားခဲ့ခြင်းဖြစ်သည်။ စေတီတော်မြတ်မှာ မောင်တောမြို့မြောက်ဘက် မင်္ဂလာကြီးတောင်ခြေရင်းအနီးတွင် တည်ရှိသည်။

## ခိုမင်းဓာတ်စေတီ

ခိုမင်းဓာတ်စေတီသည် မောင်တောမြို့အရှေ့ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည်။ ဘုရားရှင်နုစဉ်ဘဝက ခိုမင်းအဖြစ်ကျင်လည်ခဲ့ဖူးပြီး ပါးရိုးတော်ဓာတ်တော်ကို ဌာပနာကာ သူရိယစက္ကမင်းကြီးတည်ထားခဲ့ကြောင်း ရခိုင်သမိုင်းမှတ်တမ်းများအရ သိရသည်။ အဆိုပါစေတီတော်မြတ်ကိုလည်း ခေတ်အဆက်ဆက် ရခိုင်ဘုရင်မင်းများ ထိန်းသိမ်းပြုပြင်မွမ်းမံလာခဲ့ကြသည်။

၁၉၄၂ ခုနှစ်တွင် ရခိုင်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ အိန္ဒိယနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေကြစဉ် မသမာသူများ ဖျက်ဆီးခဲ့ကြသည်။ ရခိုင်တိုင်းရင်းသားများ ပြန်လည်ရောက်ရှိလာသည့်အခါ စေတီတော်ဟောင်းနေရာမှ ဓာတ်တော်များ ကွန့်မြူးသည်ကိုတွေ့မြင်ကြရသည်။ ထိုအခါ မောင်တောမြို့မကျောင်းဆရာတော် အသျှင်သာဂရ၏ လမ်းညွှန်မှုဖြင့် ဉာဏ်တော်အမြင့် ၁၁ တောင်ရှိ စေတီတော်တစ်ဆူကို ပြန်လည်တည်ထားကိုးကွယ်လာခဲ့ကြခြင်း ဖြစ်သည်။

## သရီရကဏ္ဍ (ခေါ်) သရီကုန်ဘောင်စေတီ

မောင်တောမြို့တောင်ဘက် ရှစ်မိုင်ခန့်အကွာတွင် သရီရကဏ္ဍ(ခေါ်) သရီကုန်ဘောင်စေတီကို သူရိယစက္ကမင်းကြီးပင် တည်ထားခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများက ဆိုထားသည်။ ဘုရားရှင်နုစဉ်ဘဝ ပါရမီဖြည့်ကျင့်ခဲ့စဉ်ကာလက ပုဏ္ဏားဘဝဖြင့်ကျင်လည်ခဲ့သည့် နေရာဖြစ်သည်။ ဘုရားရှင်၏ ဦးဆက်တော်မှဖြစ်သော ဓာတ်တော်ကိန်းဝပ်တော်မူသည်။ သရီကုန်ဘောင်ဓာတ်စေတီတော်ဟု ခေါ်တွင်ရခြင်းမှာ မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်ကို ကဏ္ဍခေါ် ဓာတ်တော်ကိန်းဝပ်ရာ အိုးတွင်ထည့်လျက် ဌာပနာတော်မူသောကြောင့် သရီရကဏ္ဍမှ သရီကုန်ဘောင်ဟု တွင်လာရခြင်းဖြစ်သည်။

မောင်တောမြို့ မြို့မပရိယတ္တိစာသင်တိုက်နာယက အသျှင်ကေတု၏ ဩဝါဒနှင့်အညီ ဌာနဆိုင်ရာတာဝန်ခံများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဗုဒ္ဓဘာသာဝင်များစုပေါင်းကာ ဉာဏ်တော်အမြင့် ၁၁ တောင်ရှိ စေတီတော်ကို ၁၉၉၂ ခုနှစ် မတ်လ ၁၈ ရက်တွင် ရွှေထီးတော်တင်မင်္ဂလာကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကာ ယနေ့တိုင်ကိုးကွယ်လျက်ရှိကြသည်။

## ဉဒေါင်းဓာတ်စေတီ

ဗုဒ္ဓမြတ်စွာဘုရားရှင် နုစဉ်ဘဝက ရွှေဥဒေါင်းမင်းအဖြစ် ကျင်လည်ခဲ့သည့် မောင်တောမြို့ တောင်ဘက် ၁၄ မိုင်ခန့်အကွာ ယခုဉဒေါင်းကျေးရွာ၏ အရှေ့ဘက် မယူတောင်တန်း၏ တောင်ခြေရင်းကွင်းပြင်အလယ်တွင် ဘုရားရှင်၏ ကျောက်ဆစ်တော် (ကျောရိုးတော်) ဓာတ်ကို ဌာပနာပြုလျက် သူရိယစက္ကမင်းကြီးက ဓာတုစေတီတော်ကို ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ တည်ထားခဲ့သည်။ ဤသို့အားဖြင့် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်အထိ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသည်။

၁၉၉၃ ခုနှစ်တွင် မောင်တောမြို့ မြို့မပရိယတ္တိစာသင်တိုက် နာယကဆရာတော် အသျှင်ကေတု၏ ဩဝါဒကိုခံယူကာ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်၏ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးသန်းအေး ဦးဆောင်လျက် ဉာဏ်တော်အမြင့် ၂၇ တောင်ရှိ စေတီတော်တည်ထားခဲ့ရာ ၁၉၉၃ ခုနှစ် မေလ ၄၊ ၅၊ ၆ ရက်တို့တွင် ရွှေထီးတော်တင်လှူပူဇော်ပွဲကြီးကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး နှစ်စဉ် မေလ ၄၊ ၅၊ ၆ ရက်တို့တွင် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

**ကိုးကားချက်များ-**

**မောင်တောမြို့နယ်သမိုင်းမှတ်တမ်းအကျဉ်း**

**ဝက်ကျိန်းဓာတ်စေတီတော်**

**ဘုရားသမိုင်းအကျဉ်း - လှုဖြူသန် (ဝိမလရပ်ကွက်၊ မောင်တောမြို့)**

**ဖားဝပ်ချောင်းဓာတ်စေတီတော်**

**ဘုရားသမိုင်းအကျဉ်း - လှုဖြူသန် (ဝိမလရပ်ကွက်၊ မောင်တောမြို့)**

**သရီကုန်ဘောင်ဓာတ်စေတီတော်**

**ဘုရားသမိုင်းအကျဉ်း - လှုဖြူသန် (ဝိမလရပ်ကွက်၊ မောင်တောမြို့)**

**ရခိုင်သမိုင်းအလင်းပြကျမ်း- ပြုစုသူ ဦးရွှေဇံ**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေး နိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တစေ့တစောင်း တရားရုံးများအကြောင်း

## မောင်သောင်းဦး(တရားရုံးချုပ်ရှေ့နေ)

စာရေးသူသည် ပါလီမန်ခေတ် တရားစီရင်ရေးကိုလည်းကောင်း၊ ပြည်သူ့ကောင်စီခေတ် တရားစီရင်ရေးကိုလည်းကောင်း၊ မျက်မှောက်ခေတ် တရားစီရင်ရေးကိုလည်းကောင်း တရားစီရင်ရေးထိတွေ့မှုကို နှစ်ပေါင်း ၅၀ ကျော်မီခဲ့သူဟုဆိုက ဆိုထိုက်သူဖြစ်ပါသည်။ ထိုရှေးခေတ်အခါက တရားစီရင်ရေးများသည် တရားရုံးလက်စွဲများ၊ ကျင့်ထုံးများ၊ တရားရုံးညွှန်ကြားလွှာများ၊ နည်းဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ကြောင်း တွေ့ရှိရပေသည်။

ရုံးသို့ဦးတိုက်လျှောက်ထားသော အမှုများနှင့်ပတ်သက်၍ ရဲထံစုံထောက်စစ်ဆေးရန် လွှဲအပ်မှုများမတွေ့ခဲ့ရပေ။ တရားသူကြီးများသည် ထက်မြက်သော ဦးနှောက်ပိုင်ရှင်များဖြစ်သည့်အားလျော်စွာ ဆင်ခြင်တုံတရား (Discription power)အမြဲရှိရန် သတိမူသင့်ကြောင်း တရားရုံးလက်စွဲအပိုဒ် ၄၂၆ တွင် ဆင်ခြင်တုံတရား အဓိကထားကာ ရဲသို့ စုံထောက်လွှဲအပ်သင့်မှသာလွှဲအပ်ရန် သတိပေးခြင်းဖြစ်သည်။ မျက်မှောက်ခေတ် တရားရုံးများသည် ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၂ ကို မသုံးမဖြစ်သော ဥပဒေပမာ ကျင့်သုံးနေကြသည်။ မူရင်းပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၏ ပြဋ္ဌာန်းချက်မှာ တိုင်လျှောက်လွှာရရှိသည့် တရားသူကြီးသည် တိုင်တန်းခံရသူအား အတင်းအကျပ်ရောက်ရှိစေရန်အတွက် အမိန့်ဆင့်စာမထုတ်သေးဘဲ အကြောင်းပြချက်ရေးမှတ်၍ ရွှေ့ဆိုင်းသင့်သည်ဟု ယူဆလျှင် ရွှေ့ဆိုင်းခွင့်ရှိသည့်အပြင် မိမိကိုယ်တိုင်လည်း စစ်ဆေးနိုင်သည်။ ထိုတရားသူကြီးသည် တတိယတန်းအာဏာရ တရားသူကြီးမဟုတ်ဘဲ အခြားအဆင့်အတန်းရှိသည့် ရာဇဝတ်တရားသူကြီးဖြစ်လျှင် မိမိ၏ လက်အောက်ခံရာဇဝတ်တရားသူကြီးတစ်ဦးဦး ဖြစ်စေ၊ ရဲအရာရှိ တစ်ဦးဦးဖြစ်စေ၊ သင့်သည်ထင်မြင်လျှင် အခြားသူတစ်ဦးတစ်ယောက်ကိုဖြစ်စေ တိုင်တန်းချက် မှန်၊ မမှန်သိသာရန်အတွက် စုံထောက်ပေးရန် ညွှန်ကြားနိုင်သည်ဟု ပါရှိပါလျက် ရဲအရာရှိကိုသာ ပုံသေစုံထောက်ရန်လွှဲအပ်ချက်တို့မှာ စဉ်းစားစရာဖြစ်နေပါသည်။

ရဲအရာရှိကလည်း မှန်၊ မမှန် စုံထောက်စစ်ဆေးရာတွင် တိုင်လျှောက်သူနှင့် တိုင်လျှောက်သူ၏ သက်သေကို စစ်ဆေးသည်သာမက တိုင်လျှောက်ခံရသူနှင့် သက်သေတို့ကိုပါစစ်ဆေးပြီး အမှု၏ အခြေအနေအရပ်ရပ်ကို သုံးသပ်ချက်ကိုပါ တရားရုံးသို့ တင်ပို့လာမှုမှာ အံ့သြစရာဖြစ်နေပါသည်။ မလုပ်သင့်သော အလုပ်ကို လုပ်နေကြ၏။ ထိုဖြစ်ရပ်သည် စိတ်ကူးယဉ်ရေးသားခြင်းမဟုတ်ဘဲ ယနေ့တရားစီရင်ရေးလောကတွင် ပုံပန်းမကျဖြစ်ပေါ်နေပုံကို တာဝန်ရှိသူများ သိသာရန် တင်ပြခြင်းသာဖြစ်ပါသည်။ တိုင်လျှောက်ချက်ရရှိသည့် တရားသူကြီးသည်ပင်လျှင် တိုင်ကြားခံရသူအား အတင်းအကျပ်ဆင့်ဆိုခြင်းမပြုသည်ကို ရဲအရာရှိမှ တိုင်ကြားခံရသူနှင့် သက်သေကို သွားရောက်စစ်ဆေးသည်မှာ မူရင်းဥပဒေနှင့်ဆန့်ကျင်ကွဲလွဲသည့်အပြင် မလုပ်သင့်သည့်အမှားတစ်ရပ်ကို ယနေ့ တရားရုံးများ လက်ခံကျင့်သုံးခြင်းရှိနေသည့်အပြင် ထိုအမှားများကို အမှန်ဟု လက်ခံကျင့်သုံးနေကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်နေပါသည်။ အမှားကို အမှန်ထင်၍ အမှားများကို လက်ခံဖန်များသောအခါ ထိုအမှားတို့သည် အမှန်ဟုအများကလက်ခံ၍ ပြည်သူ့အတွက် အကျိုးမပြုသော လုပ်ရပ်များကို မြင်တွေ့မှုသည် တရားဥပဒေအမှန်အကန် မစိုးမိုးသေးကြောင်း ထင်ရှားပါသည်။

တရားရုံးများကလည်း ရဲအရာရှိ၏ သုံးသပ်ချက်ကို ကျေကျေနပ်နပ်ကြီးလက်ခံပြီး အမှုတိုင်လျှောက်လွှာကို ကျင့်ထုံးပုဒ်မ ၂၀၃ အရ ပလပ်မှုတို့မှာ မတော်မတရားပြုမှုများ ကြုံတွေ့နေရတုန်းပင်ဖြစ်ပါသည်။ ထိုဖြစ်ရပ်သည် တရားသူကြီးများ တရားရုံးလက်စွဲကို ထိထိရောက်ရောက် မလေ့လာကြောင်း ထင်ရှားပါသည်။ တရားသူကြီးက တိုင်လျှောက်ခံရသူကိုတောင် ချက်ချင်းအတင်းအကျပ်မဆင့်ဆိုဘဲ ရဲအရာရှိမှ သွားရောက်မေးမြန်းစုံထောက်ချက်သည် တရားသူကြီးလုပ်ပိုင်ခွင့်ထက် ကျော်လွန်နေသည်ဟု ထင်မြင်ပါသည်။ တိုင်လျှောက်ချက်ကို ရရှိသည့် တရားသူကြီးသည် တိုင်လျှောက်ချက်ကို တိုင်လျှောက်သူအား ကျမ်းသစ္စာကျိန်ဆိုစေပြီး စစ်ဆေးခြင်းဖြင့် တိုင်လျှောက်ချက်သည် အခြေအမြစ်မရှိဟု ထင်မြင်ယူဆလျှင် တိုင်လျှောက်ချက်ကို ကျင့်ထုံးပုဒ်မ ၂၀၃(၂) အရ ပလပ်နိုင်ကြောင်းတွေ့ရှိထားပါလျက် ရဲအရာရှိထံ အဆင်မပြေမှုများစွာနှင့် ရင်ဆိုင်ရမည်ဖြစ်ပါသည်။ တာဝန်ရှိသူများသည် ပြည်သူကိုဗဟိုပြု၍ ပြည်သူများစိတ်ချမ်းသာမှုကို အလေးထားမည်ဆိုသည့် တရားရုံးများအတွက် တာဝန်ရှိသူများ အရေးတကြီး အစီအစဉ်တစ်ရပ်အနေဖြင့် ဆောလျင်စွာ ထိုပြဿနာကို ဆောင်ရွက်ပေးသင့်ပါသည်။ တရားရုံးများတွင် နှစ်ဖက်လျှောက်လဲချက်နှင့်ပတ်သက်၍ နှုတ်ဖြင့်သာလျှောက်လဲရမည်ဟု တရားရုံးလက်စွဲ အပိုဒ် ၁၅၄၊ အပိုဒ်ခွဲ (၁၂)တွင် လမ်းညွှန်ထားသော်လည်း စာဖြင့်ရေးသားတင်သွင်းမှုမျိုးကို ဆောင်ရွက်နေကြပါသည်။ ထိုသို့ဆောင်ရွက်နေသဖြင့် တစ်ဖက်နှင့်တစ်ဖက် ရေးသားတင်သွင်းချက်ကို မသိရှိနိုင်အောင် ဖန်တီးရာကျနေပါသည်။ မဖြစ်သင့်ဟု ယူဆပါသည်။ ဥပဒေကို လေးစားလိုက်နာသင့်ပါသည်။ ခုခံသောအမှုများတွင် စာဖြင့်ရေးသားသော

**ဥပဒေဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းမပြုသရွေ့ကာလပတ်လုံး ပြဋ္ဌာန်းထားသည့်ဥပဒေကို လေးစားလိုက်နာရမည်မှာ သတိချပ်သင့်ပါသည်။ အမှုသည်နှင့် တရားသူကြီးများအကြားတွင် ဝိရောဓိအကြောင်းတရားတစ်ရပ်မှာ အချိန်လင့်မှ အမှုကိုချိန်းဆိုခြင်းပင်ဖြစ်ပါသည်။ တရားရုံး လက်စွဲ ဥပဒေအခန်း(၃)တွင် တရားသူကြီးများရုံးထိုင်ချိန်နှင့်ပတ်သက်၍ . . .**

စုံထောက်စေရန်ပေးပို့ခြင်းသည် အမှုကိုကြန့်ကြာရုံတင်မက အမှုသည်များအတွက် ဝန်ထုပ်ဝန်ပိုးပိစေနိုင်ပါသည်။ ယနေ့တရားရုံးများသည် တရားခံကို တရားရှင်သော်လည်းကောင်း၊ တရားသေသော်လည်းကောင်း လွှတ်သည့်အခါ တရားရုံးလက်စွဲအပိုဒ် ၁၁၄၁ အရ အမှုအမျိုးအစားခွဲခြားခြင်းဖြစ်သော လီဆယ်မှု၊ မှားယွင်းမှုစသည့် အမှုမှန်ခွဲခြားပြထားခြင်းမရှိသည်မှာလည်း ဥပဒေလမ်းညွှန်ချက်နှင့် မညီညွတ်သည့်အပြင် လီဆယ်မှုဖြစ်ပါက စွပ်စွဲခံရသူ၏ အခွင့်အရေးဆုံးရှုံးမှုဖြစ်နိုင်ပါသည်။ ဥပဒေဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းမပြုသရွေ့ကာလပတ်လုံး ပြဋ္ဌာန်းထားသည့် ဥပဒေကို လေးစားလိုက်နာရမည်မှာ သတိချပ်သင့်ပါသည်။

အမှုသည်နှင့် တရားသူကြီးများအကြားတွင် ဝိရောဓိအကြောင်းတရားတစ်ရပ်မှာ အချိန်လင့်မှ အမှုကိုချိန်းဆိုခြင်းပင်ဖြစ်ပါသည်။ တရားရုံးလက်စွဲ ဥပဒေအခန်း(၃) တွင် တရားသူကြီးများရုံးထိုင်ချိန်နှင့် ပတ်သက်၍ နံနက် ၉ နာရီခွဲတွင် ရုံးသို့ ရောက်ရှိပြီး စဉ်းစားခန်းတွင် ရုံးအလုပ်များကို လုပ်ကိုင်ကာ နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီ ရုံးထိုင်ရမည်ဟု သတ်မှတ်ချက်ရှိထားသည်။ နာရီဝက်ရုံးနား၍ ၁ နာရီခွဲမှ ညနေ ၄ နာရီထိ ရုံးထိုင်ရမည်ဟု သတ်မှတ်ထားပါသည်။ ရုံးထိုင်ချိန်သတ်မှတ်ချက်မရှိဘဲ ယနေ့တရားရုံးများသည် ညနေ ၆ နာရီထိ စစ်ဆေးနေသဖြင့် အမှုသည်များသွားလာမှုအတွက် အခက်အခဲကြုံတွေ့နေရခြင်း၊ တချို့အမှုများကို ထိုအချိန်ကျမှသာ ချိန်းဆိုနေသဖြင့် အမှုသည်များ မကျေမနပ်သံများ ရုံဖန်ရံခါ ကြားနေရပါသည်။

အမှန်ဖြစ်သင့်သည်မှာ မစစ်ဆေးနိုင်သော အမှုများကို စောစီးစွာချိန်းဆို၍ စစ်ဆေးရမည့်အမှုများကိုသာ အစဉ်အလိုက်စစ်ဆေးရန်သင့်ပါသည်။ တရားခွင်တစ်ခုတွင် တစ်နေ့လျှင် ငါးမှုထက်ပို၍ မချိန်းဆိုသင့်ပါ။ တစ်နေ့လျှင် ငါးမှုချိန်းဆိုပါက တစ်လလျှင် ရက်သတ္တ လေးပတ်အတွက် အမှု ၂၀ စစ်ဆေးရမည်ဖြစ်ပါသည်။ အမှု ၁၀၀ လက်ကျန်ရှိသော တရားရုံး(တရားခွင်)များအဖို့ လျှောက်လဲချက်များတင်သွင်းရန် ရှေ့နေတို့အား ခွင့်ပြုသည့်အလေ့အထကို လိုက်နာခြင်းမပြုရန် တားမြစ်ထားပါသည်။ လျှောက်လဲချက်ကြားနာပြီး အမှုကို အချိန်ကြာမြင့်စွာချိန်းဆိုခြင်း၊ ရက်ချိန်းအကြိမ်ကြိမ် ချိန်းဆိုခြင်းကိုလည်း မပြုသင့်ကြောင်း တွေ့ရှိရသော်လည်း ယနေ့တရားရုံးများသည် ပြဋ္ဌာန်းချက်ကို မလိုက်နာဘဲ အကြိမ်ကြိမ်အချိန်ကြာမြင့်စွာ ချိန်းဆိုနေကြောင်းတွေ့ရှိနေရတုန်းပင်ဖြစ်ပါသည်။ မူလပြဋ္ဌာန်းချက်မှာ လျှောက်လဲချက်ပေးရန်အတွက် ရှေ့နေနှင့် တရားသူကြီးနှစ်ဦးစလုံးတို့၏ စိတ်တွင် ကောင်းစွာအမှတ်ရလျက်ရှိစဉ် ကြားနာရမည်ဟုလေ့လာသိရှိရသည်။ အချို့တရားရုံးများတွင် လာရောက်သော သက်သေကို မစစ်ဆေးဘဲ အကြိမ်ကြိမ်ချိန်းဆိုသော အလေ့အထများကို မြင်တွေ့ရပါသည်။

တရားရုံးလက်စွဲအပိုဒ်(၄၆၈) အရ လာရောက်သောသက်သေကို အကြိမ်ကြိမ်ချိန်းဆိုခြင်းမပြုရန်နှင့် လာရောက်သောသက်သေကို တစ်ကြိမ်ရွှေ့ဆိုင်းခဲ့လျှင် နောက်ရုံးချိန်းတွင် အခြားအမှုများထက် အလျင်ဦးစားပေးစစ်ဆေးရမည်ဟုဆိုထားသော်လည်း တရားခွင်စာရေးများသည် မိမိလိုလျှင်လိုသလို အမှုကိုစစ်ဆေးနိုင်ရန် တင်ပြနေကြောင်း တွေ့ရှိရသည်။

တရားရုံးများလက်စွဲအပိုဒ် ၄၆၆ တွင် အချိန်မရှိ၍ သက်သေကို ရွှေ့ဆိုင်းခြင်း၊ အခြားနေ့ရက် လာရောက်ချိန်းဆိုသည့်အလေ့အထကို တားမြစ်ကြောင်း သတိမူသင့်ပါသည်။ ရှေ့နေများသည် တရားသူကြီးနှင့် ရင်းနှီးမှုယူ၍ အမှုရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်၍ တရားရုံးမှ ခွင့်မပြုသင့်ကြောင်းကို တရားရုံးလက်စွဲအပိုဒ် ၄၆၅ အရ ရှေ့နေကြောင့် အမှုရွှေ့ဆိုင်းခြင်းမရှိစေရဟု အထင်အရှားရှိပြီးသားဖြစ်ပါလျက် ရှေ့နေများဘက်ကလည်း မိမိတို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးဆောင်ပုဒ်အရ တရားရုံးများအား အထောက်အကူပြုသော တရားရုံးအရာရှိများပီသစွာ အဘက်ဘက်မှ ကူညီပံ့ပိုးသင့်ကြောင်း ရေးသားလိုက်ရပါသတည်း။

# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဖွင့်



**မြဝတီ ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် မြဝတီမြို့အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၅၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၄၅) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို နယ်စပ်ဒေသရှိ တိုင်းရင်းသူများအား အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုစောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးများဖြစ်လာစေရန်၊ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှု၊ အတတ်ပညာများ ပိုမိုထွန်းကား ပြန့်ပွားလာစေရန်ဟူသော ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသန္တာအေးက သင်တန်းနှင့်စပ်လျဉ်းသည်များ ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့်ပစ္စည်းများအား ခရိုင်အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သန်းရီမှ လှူဒါန်းငွေကျပ် ၂၀၀၀၀ အား လည်းကောင်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

"အခု ဒီသင်တန်းတက်ပြီးတော့ ကိုယ်ပိုင်စက်ချုပ်လုပ်ငန်းလေးပါ။ တစ်နိုင်တစ်ပိုင်လုပ်သွားဖို့ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီအတတ်ပညာလေးတစ်ခုတတ်မြောက်ပြီးတော့ ကြိုးစားလုပ်ဆောင်မယ်ဆိုရင်တော့ ထမင်းအိုးတစ်လုံးရလိုက်သလိုပါပဲ"ဟု မြဝတီမြို့ အမှတ်(၅)ရပ်ကွက်မှ သင်တန်းသူတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းသို့ အခြေခံသင်တန်းသူ ၄၄ ဦး နှင့် အဆင့်မြင့်သင်တန်းသူ ၁၁ ဦး စုစုပေါင်း ၅၅ ဦး တက်ရောက်မည်ဖြစ်ပြီး အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မျိုးထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

# နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ မိသားစုအဖွဲ့က ခရစ်တော်မွေးနေ့အကြို မေတ္တာပို့ဆုတောင်း ကောင်းချီးပေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီး ဒေါ်စုစုလွင်နှင့် မိသားစုတို့အား တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များမိသားစုအဖွဲ့က ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ခရစ်တော် မွေးနေ့အကြိုအဖြစ် လာရောက် ဆုတောင်းကောင်းချီးပေးကြသည်။

ဆုတောင်းပွဲတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမိသားစုအဖွဲ့က နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား နှုတ်ခွန်းဆက်သပြီး ခရစ္စမတ်လက်ဆောင် ပန်းခြင်းပေးအပ်ကာ ခရစ်တော်မွေးနေ့အကြို နှုတ်ခွန်းဆက် ဓမ္မတေးသီချင်းကို သီဆိုကြသည်။

ယင်းနောက် ပဲခူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ရွှေပုံက သမ္မာကျမ်းစာဖတ်ကြားပြီး ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်အောင်က နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အတွက် မေတ္တာပို့ဆုတောင်းကောင်းချီးပေးသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များမိသားစုအဖွဲ့က "လောကဝမ်းမြောက်"၊ "ခရစ္စမတ်ရက်မြတ်" နှင့် "နှုတ်ဆက်ပါတယ်" စသည့် ဓမ္မတေးသီချင်းများ သီဆို၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်သမ္မတတို့အတွက် မေတ္တာပို့ဆုတောင်းကောင်းချီးပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ခရစ္စမတ်လက်ဆောင် ပြန်လည်ပေးအပ်ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ မိသားစုအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီး ဒေါ်စုစုလွင်နှင့် မိသားစုတို့အား တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ မိသားစုအဖွဲ့က ခရစ်တော်မွေးနေ့အကြိုအဖြစ် လာရောက်ဆုတောင်းကောင်းချီးပေးကြစဉ်။**

(သတင်းစဉ်)





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည့် လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၆)သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် သက်ဆိုင်ရာတာဝန်ရှိသူများက ယခင်အစည်းအဝေး (၁/၂၀၁၆) ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြကာ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-3) အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာအစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြည်သူ့လွှတ်တော်တွင် ကတိဖြစ်ခဲ့သောမေးခွန်းများ၊ အတည်ပြုခဲ့သောအဆိုများနှင့်စပ်လျဉ်းပြီး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တင်ပြချက်များနှင့် စပ်လျဉ်း၍ အပြန်အလှန် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**❖ ကျောဖုံးမှ**

အဆိုပါ ရိုးမ- ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ (၄၂)ကီလိုမီတာပြိုင်ပွဲတွင် နိုင်ငံခြားသား အမျိုးသား၊ အမျိုးသမီး ၂၀၀၊ မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီး ၄၀၀၊ (၂၁)ကီလိုမီတာပြိုင်ပွဲတွင် နိုင်ငံခြားသား ၁၅၁ ဦး၊ မြန်မာနိုင်ငံသား ၁၄၄၉ ဦး၊ (၁၀)ကီလိုမီတာပြိုင်ပွဲတွင် နိုင်ငံခြားသား ၁၇၄ ဦး၊ မြန်မာနိုင်ငံသား ၂၃၂၆ ဦး၊ (၃)ကီလိုမီတာပြိုင်ပွဲတွင် နိုင်ငံခြားသား ၁၅၀၊ မြန်မာနိုင်ငံသား ၃၁၅၀၊ စုစုပေါင်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ မာရသွန်အားကစားသမား ၈၀၀၀ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ကီလိုမီတာအတန်းအလိုက် ဆုရသူများအား ဆုများချီးမြှင့်ရာတွင် (၄၂)ကီလိုမီတာတန်းတွင် အမျိုးသား၊ အမျိုးသမီး ပထမဆု အမေရိကန်ဒေါ်လာ ၂၇၀၀၊ ဒုတိယဆု ဒေါ်လာ ၁၄၀၀၊ တတိယဆု ဒေါ်လာ ၉၀၀၊ (၂၁) ကီလိုမီတာပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပထမဆု အမေရိကန်ဒေါ်လာ ၁၆၀၀၊ ဒုတိယဆု ဒေါ်လာ ၉၀၀၊ တတိယဆု ဒေါ်လာ ၅၀၀၊ (၁၀) ကီလိုမီတာပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပထမဆု အမေရိကန်ဒေါ်လာ ၈၀၀၊ ဒုတိယဆု ဒေါ်လာ ၄၀၀၊ တတိယဆုဒေါ်လာ ၂၅၀ တို့ကို ချီးမြှင့်ပေးပြီး (၃)ကီလိုမီတာ အပျော်တမ်း မာရသွန်ပြိုင်ပွဲအတွက် T-shirt နှင့် အမှတ်တရလည်ဆွဲတံဆိပ်များကို ပြိုင်ပွဲဝင်အားကစားမောင်မယ်များအား အသီးသီးချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **(စောသိန်းဝင်း)**

# စစ်ဘေးရှောင်ပြည်သူများ မုံးကိုးမြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့တွင် တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် စစ်ဘေးရှောင်ခဲ့ကြသည့် မုံးကိုးမြို့ရှိ ရပ်ကွက် လေးခု၊ ကျေးရွာအုပ်စု ရှစ်စုမှ ဒေသခံပြည်သူများသည် မိမိနေထိုင်သည့် ရပ်ကွက် ကျေးရွာများသို့ ဒီဇင်ဘာ ၁၈ ရက်အထိ ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် စာရင်း-

**(သတင်းစဉ်)**



စစ်ဘေးရှောင်ပြည်သူများ မုံးကိုးမြို့သို့ ပြန်လည်ဝင်ရောက်မှု အခြေအနေ

ရက်စွဲ၊ ၁၈-၁၂-၂၀၁၆

| စဉ် | ရပ်ကွက်/ကျေးရွာ | အိမ်ခြေ | အိမ်ထောင်စု | ကျား | မ | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | အမှတ် (၁) ရပ်ကွက် | ၂၀ | ၅ | ၅၈ | ၅၇ | ၁၁၅ |
| ၂ | အမှတ် (၂) ရပ်ကွက် | - | - | ၆၄ | ၆၆ | ၁၃၀ |
| ၃ | အမှတ် (၃) ရပ်ကွက် | - | - | ၂၃ | ၁၉ | ၄၂ |
| ၄ | အမှတ် (၄) ရပ်ကွက် | ၁၀ | ၁၇ | ၄၁ | ၃၀ | ၇၁ |
| ၅ | အမှတ် (၇) ရပ်ကွက် | ၁၅ | ၇ | ၂၇ | ၁၉ | ၄၆ |
| ၆ | ကောင်းလုံအုပ်စု | ၁၃ | ၁၃ | ၃၈ | ၃၉ | ၇၇ |
| ၇ | ကောင်းကွေ့အုပ်စု | ၁၆ | ၁၆ | ၂၅ | ၂၃ | ၄၈ |
| ၈ | နောင်ကိုးအုပ်စု | ၂ | ၂ | ၂၄ | ၁၄ | ၃၈ |
| ၉ | ပေါမိုးလုံအုပ်စု | ၅၀ | ၄၈ | ၁၁၅ | ၁၂၁ | ၂၃၆ |
| ၁၀ | ဖောင်းဆိုင်အုပ်စု | ၃၀ | ၂၅ | ၃၀ | ၃၄ | ၆၄ |
| ၁၁ | ဖော်မော်အုပ်စု | ၉ | ၉ | ၂၂ | ၁၉ | ၄၁ |
| ၁၂ | မန်ရုပ်အုပ်စု | ၂ | ၂ | ၃၅ | ၉ | ၂၄ |
| ၁၃ | လွယ်ဝိန်းအုပ်စု | ၁၀ | ၁၀ | ၁၇ | ၁၂ | ၂၉ |
| | စုစုပေါင်း | ၁၇၇ | ၁၅၄ | ၄၉၉ | ၄၆၂ | ၉၆၁ |

# စစ်ဘေးရှောင်စခန်းများသို့ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်

**မူဆယ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ဒေသရှိ နေရပ်ပြန်ရန် ကျန်ရှိနေသော စစ်ဘေးရှောင်ပြည်သူများကို မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ ခရိုင်/မြို့နယ် အရေးပေါ်ကာလ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီ များမှတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခွဲတွင် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြသည်။

ဟိုမွန်ရပ်ကွက် စိန့်ပီတာဘုရားကျောင်း၌ ရောက်ရှိ နေထိုင်ကြသည့် စစ်ဘေးရှောင်ပြည်သူများသည် နေထိုင်မှု ရက်ကြာလာသည်နှင့်အမျှ နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရန် ခရိုင်အုပ်ချုပ်ရေးမှူးက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်း ကောင်း၊ ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ မုန့်နှင့် အချိုရည် များကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌက ထောက်ပံ့ငွေကျပ် ၉၀၀၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် တစ်သိန်းခုနစ်သောင်းကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး သက်ကြီးဘိုးဘွားနှင့် ကလေးသူငယ်များကို ကျန်းမာရေး အတွက် ဆေးကုသခြင်းများ ပြုလုပ်ပေးခဲ့ကာ စစ်ဘေး ရှောင်စခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး အားပေး စကားများ ပြောကြားသည်။

ဆက်လက်၍ ဟိုမွန်ရပ်ကွက် အထက(၂)၌ ဖွင့်လှစ်ထားသော စစ်ဘေးရှောင်စခန်းသို့ သွားရောက် ကာ စစ်ဘေးရှောင်ပြည်သူများအား အားပေးစကား ပြောကြားပြီး စစ်ဘေးရှောင်ပြည်သူများအတွက် ငွေကျပ် ၇၅၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ခရိုင် အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ ငွေကျပ် ၂၅၀၀၀ ကို ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌကလည်းကောင်း ထောက်ပံ့ ပေးအပ်ကာ စစ်ဘေးရှောင်ပြည်သူများအတွက် ကျွေးမွေး ရန် ချက်ပြုတ်ပြင်ဆင်နေသည့်နေရာများသို့ သွားရောက် ၍ သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုခဲ့သည်။

ယင်းနောက် စွမ်စော်ရပ်ကွက် ကချင်နှစ်ခြင်းဘုရား ကျောင်းတွင် ဖွင့်လှစ်ထားသော စစ်ဘေးရှောင်စခန်းသို့ သွားရောက်ကာ စစ်ဘေးရှောင်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ မုန့်နှင့်အချိုရည်များ တန်ဖိုး ငွေကျပ် ၁၇၅၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူးကလည်း ကောင်း၊ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များကို ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌက တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၉၀၀၀၀ ကို ထောက်ပံ့ပေးအပ် ခဲ့ပြီး ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ယနေ့ စစ်ဘေးရှောင်စခန်း သုံးခုအတွက် ငွေကျပ် ၃၉၀၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ ငွေကျပ် ၄၀၅၀၀၀ ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ကလည်းကောင်း စုစုပေါင်းငွေကျပ် ခုနစ်သိန်းကိုးသောင်း ငါးထောင်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။



**ခရိုင်(ပြန်/ဆက်)**

# ကျောက်ဖြူမြို့နယ်တွင် အခမဲ့လာရောက်ဆေးကုသပေးမည်

**ကျောက်ဖြူ ဒီဇင်ဘာ ၁၉**

ဒေါက်တာစောမြအောင် ဖောင်ဒေးရှင်းမှ နိုင်ငံခြားအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် လာရောက်၍ ကျောက်ဖြူမြို့နယ်နှင့် ဇင်ချောင်း ကျေးရွာတို့တွင် အခမဲ့လာရောက်ဆေးကုသ ပေးမည်ဖြစ်ကြောင်း၊ အဆိုပါဆေးကုသရေး အဖွဲ့ ၃၃ ဦး ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ဇင်ချောင်းကျေးရွာ သို့ သွားရောက်မည်ဖြစ်ပြီး ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အခမဲ့စမ်းသပ်ဆေးကုသခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ် သည်။ ကျောက်ဖြူမြို့နယ်တွင် အထွေထွေ ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ၊ ကင်ဆာရောဂါနှင့် လူကြီးရောဂါများကို ရမ္မာဝတီခန်းမ၌လည်းကောင်း၊ မျက်စိရောဂါနှင့် သွားရောဂါများကို ကျောက်ဖြူမြို့ ပြည်သူ့ ဆေးရုံကြီး၌လည်းကောင်း အခမဲ့စမ်းသပ် ကုသပေးသွားမည်ဖြစ်ပြီး စမ်းသပ်ကာလကို ဒီဇင်ဘာ ၃၀ ရက်မှ ၃၁ ရက်ထိ အခမဲ့ စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**ခရိုင်( ပြန်/ဆက်)**

# ကျေးလက်ဒေသ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှု

**အုတ်ဖို ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖို မြို့နယ်တွင် ကျေးရွာပေါင်း ၂၄၄ ရွာရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြစိမ်းရောင် စီမံကိန်းကျေးရွာ ၄၁ ရွာ အကောင်အထည် ဖော်ဆောင်ရွက်နေပြီး သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်သော ဒေသများတွင်လည်း ပျက်စီးသွားသော လမ်း၊ တံတားများအား ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေမှုနှင့် ကျေးလက်လမ်း၊ တံတားများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်လျက် ရှိရာ တာဆုံ-တိမ်ညွှန့်ကျေးရွာဆက်လမ်းအား ကတ္တရာခင်းဆောင်ရွက်ပေးနေမှုကို ပဲခူးတိုင်း ဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့က သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ ဒေသခံပြည်သူ များ အားရကျေနပ်ဖွယ်ဖြစ်အောင် ပေါင်းစပ် ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပါမောက္ခသိန်းနှင့် ဒေါက်တာဆုတို့၏ ဆေးပညာပေါင်းချုပ်နှင့် ဆေးပညာပေါင်းချုပ် ၂ စာအုပ်တို့ကို ထုတ်ဝေဖြန့်ချိ

ပါမောက္ခသိန်းနှင့် ဒေါက်တာဆုတို့၏ ဆေးပညာ ပေါင်းချုပ်နှင့် ဆေးပညာပေါင်းချုပ် ၂ စာအုပ်တို့ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။







ဆေးပညာပေါင်းချုပ်စာအုပ်တွင် ဆောင်းပါး ၁၄ ပုဒ်ပါရှိပြီး သတိမပြတ် ကာကွယ်ပေး သွေးလွန်တုပ်ကွေး ရောဂါဘေး၊ ဆီးဆေးအဖြာဖြာ အန္တရာယ်ကင်းစွာ သုံးစွဲပါ၊ အပူလွန်ကဲခြင်းကြောင့် ကျန်းမာရေးထိခိုက် မှုများ၊ ရိုးတွင်းခြင်ဆီရဲ့ ရှားပါးပြဿနာများ၊ သွေးထွက် လွန်ခြင်းနှင့် သွေးမတိတ်ခြင်းဆိုင်ရာ ပြဿနာများ၊ အဆစ်ရောင်ရောဂါအကြောင်း၊ ပန်းနာရင်ကျပ် ရောဂါအကြောင်း၊ တီဘီရောဂါအကြောင်း၊ သွေးတိုး ရောဂါအကြောင်း၊ အဝလွန်ခြင်းအကြောင်း၊ သွေးချို ဆီးချို ရောဂါအကြောင်း၊ သွေးအားနည်းရောဂါ အကြောင်း၊ သွေးဖြူဥဆိုင်ရာ ရောဂါများအကြောင်းနှင့် သွေးသွင်းကုသခြင်းဆိုင်ရာ သိကောင်းစရာများ ပါဝင်သည်။

ဆေးပညာပေါင်းချုပ် ၂ တွင် ရင်ဘတ်အောင့်ခြင်းအကြောင်း၊ လေဖြတ်ရောဂါအကြောင်း၊ အစာအိမ်ကင်ဆာအကြောင်း၊ လေးဖက်နာရောဂါများအကြောင်း၊ သိုင်းရွိုက်အကျိတ်အကြောင်း၊ အက်ဒရီနယ်လ်ဂလင်းအကြောင်း၊ အဆုတ်ကင်ဆာရောဂါ အကြောင်း၊ ခေါင်းကိုက်ခြင်းအကြောင်း၊ တစ်ကိုယ်လုံး ဖောရောင်ခြင်းအကြောင်း၊ နာတာရှည် အသက်ရှူလမ်းကြောင်း ပိတ်ဆို့မှု ဆိုင်ရာ ရောဂါအကြောင်း၊ မိုးတွင်းအစမှာ ဂရုစိုက်ရမည့်ရောဂါများ၊ အသည်းကင်ဆာရောဂါအကြောင်း၊ ကြွက်ကြောင့်ဖြစ်နိုင်သည့် ကူးစက်ရောဂါများအကြောင်း ဆောင်းပါး ၁၅ ပုဒ် ပါဝင်သည်။

စာရေးသူ ပါမောက္ခသိန်း၏ အမည်ရင်းမှာ ပါမောက္ခဒေါက်တာညွှန့်သိန်းဖြစ်ပြီး ကြံ့ရဆုံရ ကျွန်တော့်နှစ်ဘဝစာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆု ရရှိခဲ့သူဖြစ်ကာ ဒေါက်တာဆု၏ အမည်ရင်းမှာ ဒေါက်တာဆုမွန်သီဟဖြစ်ကြောင်း သိရသည်။

အဆိုပါ စာအုပ်များကို Myanmar Book Centre စာပေတိုက် ဖုန်း-၀၁-၂၁၂၄၀၉၊ ၀၉၇၃၁၄၇၇၃၂ က ထုတ်ဝေဖြန့်ချိပြီး တစ်အုပ်လျှင် ငွေကျပ် ၄၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

**(ကြေးမုံ)**

# မုံးကိုးဒေသတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း တပ်မတော်က ပြန်လည်ပြုပြင်တည်ဆောက်



**နေပြည်တော် ဒီဇင်ဘာ ၁၉**
KIA/TNLA/ MNDAA/AA လက်နက်ကိုင်အဖွဲ့များသည် မုံးကိုးမြို့နှင့် မုံးကိုးတပ်မတော်စခန်းကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ သာလွန်အင်အားဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့စဉ် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများကို တပ်မတော်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံးကိုးတပ်စခန်းကို ဝန်းရံပိတ်ဆို့တိုက်ခိုက်စဉ်အတွင်း KIA/TNLA/MNDAA/ AA လက်နက်ကိုင်အဖွဲ့များ အခြေပြုခဲ့သည့် မုံးကိုးမြို့ အမှတ်(၂)ရပ်ကွက် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် လျှို့ဝှက်စွာသိုလှောင်ထားသော လက်နက်/ခဲယမ်းများမှာ ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများက နေ့ညမပြတ် နယ်မြေရှင်းလင်းဆောင်ရွက်မှုများကြောင့် ဒေသတည်ငြိမ်အေးချမ်းလာပြီး တိုက်ပွဲရှောင် ဒေသခံပြည်သူများ အနေဖြင့်လည်း မုံးကိုးမြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင်လာပြီဖြစ်၍ တပ်မတော်အနေဖြင့် အဆောက်အအုံပျက်စီးဆုံးရှုံးမှုများကို စိစစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် ဒုချီးရားတန်း(အနောက်)ကျေးရွာ၌ မူးယစ်ဆေးဝါးများရှာဖွေစဉ် အိမ်ရှင်ဖြစ်သူက ရန်မူသဖြင့် ပြန်လည်ပစ်ခတ်ရာမှ သေဆုံးမှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၉**
မောင်တောမြို့နယ်၌ မူးယစ်ဆေးဝါးများ သတင်းအရရှာဖွေစဉ် အိမ်ရှင်ဖြစ်သူက လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဓားဖြင့်တစ်ချက်ထိုးပြီး ဆက်လက်ရန်ပြုရန်ပြင်သဖြင့် ဓားဖြင့်အထိုးခံရသည့်တပ်ဖွဲ့ဝင်က ပြန်လည်ပစ်ခတ်ရာ သေဆုံးသွားခဲ့ကြောင်း သိရသည်။



**ဒုချီးရားတန်း(အနောက်)ရွာရှိ သေဆုံးသူ ဟာမတ်တူဆောင်း၏ နေအိမ်ကို တွေ့ရစဉ်။**

မောင်တောမြို့ရှိ အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲမှူးကျော်သီဟ ဦးစီးအဖွဲ့သည် ဒုချီးရားတန်း(အနောက်)ကျေးရွာရှိ အဘဦးဒူအာမတ်၏သား ဟာမတ်တူဆောင်း (အသက် ၅၀)၏ နေအိမ်တွင် မူးယစ်ဆေးဝါးသတင်းအရ သွားရောက်ရှာဖွေခဲ့ကြောင်း၊ နေအိမ်အတွင်း ရှာဖွေနေသဖြင့် မိသားစုများအား အိမ်အပြင်၌ စောင့်နေခိုင်းစဉ် အိမ်ရှင် ဟာမတ်တူဆောင်းက လုံခြုံရေးယူထားသည့် ရဲတပ်သား စိုင်းထက်လင်းအောင်အား အရိုးအသွား ၁၅ လက်မခန့်ရှိ ဓားမြှောင်ဖြင့် ပြေးထိုးရာ လုံခြုံရေးတပ်ဖွဲ့ဝင်၏ ညာလက်ဖျံတွင် နှစ်လက်မခန့် ပြတ်ရှဒဏ်ရာရရှိပြီး မြေပြင်တွင် လဲကျသွားခဲ့ကြောင်း၊ ဟာမတ်တူဆောင်းက ဆက်လက်ရန်ပြုရန် ပြင်ဆင်သဖြင့် ရဲတပ်သား စိုင်းထက်လင်းအောင်က ၎င်းကိုင်ဆောင်သည့် သေနတ်ဖြင့် ထိုးချိန်ရာ ပြန်လှည့်ပြေးသဖြင့် တစ်ချက်ပစ်ခတ်ခဲ့ရာ ဟာမတ်တူဆောင်း၏ နောက်ကျောမှ ဖောက်ထွက်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း၊ ဟာမတ်တူဆောင်း၏နေအိမ်အား ဒုချီးရားတန်းကျေးရွာအုပ်စု တာဝန်ခံနှင့် ကျေးရွာ ရပ်မိရပ်ဖများနှင့်အတူ ရှာဖွေစစ်ဆေးရာ မူးယစ်ဆေးဝါးရှုရာတွင် သုံးသည့်ပိုက် နှစ်ချောင်း၊ ခဲပြားသုံးချောင်း၊ အစိမ်းရောင်ဘူးတစ်ဘူး၊ RICHLAND စီးကရက်ဘူးခွံ တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းတစ်မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း(မာကျူရီ)ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Over White Extra White Cream(Night Cream) | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury(+) |

၃။ အဆိပ်သင့်ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြား ယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်းကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကိုကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

Over White Extra White Cream (Night Cream)






## မူဆယ်မြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲ အရပ်သားတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**
မူဆယ်မြို့နယ်၌ ထင်းတိုက်ရန်သွားသည့် ထော်လာဂျီတစ်စီး ဒီဇင်ဘာ ၁၈ ရက်တွင် မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် စွန်ခါးရွာနေ ဦးစံမင်းသည် နံနက် ၉ နာရီခန့်တွင် မူဆယ်မြို့နယ် မန်ဝိန်းကြီးကျေးရွာမှ ကူတို့ရွာသို့ ထင်းတိုက်ရန် ၎င်း၏အလုပ်သမား မောင်ရီနှင့်အတူ ထော်လာဂျီဖြင့် သွားရောက်စဉ် လက်လုပ်မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် ဦးစံမင်းတွင် ဝဲဒူးခေါင်း၊ ယာပခုံး လက်ပြင်တို့၌ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ပြီး မူဆယ် ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက် ဆေးဝါးကုသလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**
လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**
တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

## မောင်တောမြို့နယ်အတွင်း မသင်္ကာသူသုံးဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဘော်ကွေ့(အနောက်)ကျေးရွာတစ်ဝိုက် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီခန့်က မသင်္ကာဖွယ် ဟာမီဒူဆောင်း(ဘ)အဘူဘော်ဆီဒီ၊ ဂျာမာဟူဆောင်း(ဘ) အဘူကော်ဆီဒီနှင့် အဘူကာဆင်း (ဘ)အဘူတော်ဆီဒီတို့ကို Hello အမျိုးအစားဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့သုံးဦးသည် သဝန်ချောင်းကျေးရွာနေ ဟာဘီရာမာန်(ဘ)ဘော်ရီရာမန်အား ဒီဇင်ဘာ ၁၃ ရက်က ဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများဖြစ်ကြောင်း သတင်းအရဖမ်းဆီးခြင်းဖြစ်ပြီး အမှုမှန်ပေါ်ပေါက်နိုင်ရေးနှင့် တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဝန်းကျင် သာယာလှပစေဖို့
အမှိုက်များကို စနစ်တကျ စွန့်ပစ်စို့

# နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်စေရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။ **(ယာပုံ)**

ယခုအခါ အမေရိကန်ဒေါ်လာသည် တဖြည်းဖြည်း ခိုင်မာလျက်ရှိပြီး ကမ္ဘာ့နိုင်ငံအများစု၏ ငွေကြေးတန်ဖိုးများ အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် ကျဆင်းလျက်ရှိကြောင်း၊ ရှိသင့်ရှိထိုက်သည့် တန်ဖိုးကျဆင်းမှုကို လက်ခံရမည်ဖြစ်သော်လည်း အခွင့်ကောင်းယူ၍ ဆောင်ရွက်နေသူများလည်းရှိနေသဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို တည်ငြိမ်အောင် တုံ့ပြန်ဆောင်ရွက်လျက်ရှိသည့်အချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အချက်များကို ဆွေးနွေးကြသည်။

ဆွေးနွေးကြသည့်အချက်များမှာ သွင်းကုန်အပိုင်းတွင် ဇိမ်ခံပစ္စည်းများနှင့် အခြားမရှိမဖြစ် လိုအပ်သည့် ပစ္စည်းများ တင်သွင်းမှုကို သုံးသပ်၍သာ စိစစ်ခွင့်ပြုသွားရန်ကိစ္စ၊ မော်တော်ယာဉ်တင်သွင်းခွင့်ပြုသည့်ကိစ္စ၊ Duty Free Shop နှင့် အလှကုန်ပစ္စည်းများတင်သွင်းမှုကို သုံးသပ်၍ စိစစ်ခွင့်ပြုရန်ကိစ္စ၊ ပို့ကုန်အပိုင်းတွင် T/T စနစ်ဖြင့် ဆောင်ရွက်နေမှုအစား L/C စနစ်ကျင့်သုံးမှု တိုးမြှင့်စေရေးဆောင်ရွက်ရန်ကိစ္စ၊ ဆက်သွယ်ရေးလိုင်စင်ရကုမ္ပဏီများအနေဖြင့် ပြန်လည်ရင်းနှီးမြှုပ်နှံမှုအတွက် ပြည်ပသို့ ငွေလွှဲဆောင်ရွက်နေမှုအပေါ် စိစစ်ရန်ကိစ္စ၊ Export ရငွေနှင့် Re-export ရငွေများ ပြန်လည်ဝင်ရောက်ခြင်းရှိ၊ မရှိ စိစစ်ဆောင်ရွက်ရန်ကိစ္စ၊ ပို့ကုန်အပေါ် သင့်တင့်သည့် အခွန်နှုန်းထားများ ဖြေလျှော့ပေးရေးအတွက် သုံးသပ်ရန်ကိစ္စ၊ ဇိမ်ခံပစ္စည်းများတင်သွင်းမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံရေးအတွက် သုံးသပ်ရန်ကိစ္စ၊ ပို့ကုန်ဆောင်ရွက်နေသော ကုမ္ပဏီများအနေဖြင့် ဘဏ်စာရင်းများ မှန်ကန်စွာတင်ပြရေး၊ မှန်ကန်စွာ တင်ပြခြင်းမရှိသည့် ကုမ္ပဏီများကို အရေးယူဆောင်ရွက်သွားရေးကိစ္စ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

နောင်တွင်လည်း အလားတူ အစည်းအဝေးများကို အပတ်စဉ် ပုံမှန်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် မော်လိုက်မြို့မ အချုပ်ခန်းအား ကြည့်ရှုစစ်ဆေး

**မော်လိုက် ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့် ဦးဆောင်၍ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စုစုဝင်း၊ မော်လိုက်ခရိုင်တရားသူကြီး ဦးမျိုးဆွေဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ရွှေ၊ မြို့နယ်တရားသူကြီး ဦးကျော်မြင့်ထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက မော်လိုက်မြို့မရဲစခန်းရှိ အချုပ်ခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူတို့မှ အချုပ်ခန်းအတွင်းရှိ အချုပ်သား အချုပ်သူများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့်အဖွဲ့သည် မော်လိုက်မြို့မရဲစခန်း အချုပ်ခန်းအတွင်းရှိ အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများ ရရှိခံစားခွင့် ရှိ၊ မရှိ၊ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးအခြေအနေများ၊ အမှုစစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ၊ မရှိ ကြည့်ရှုမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။ **(မော်လိုက်သားလေး)**

# စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာ လက်ကမ်းစာစောင်များ ယင်းမာပင်၌ ဖြန့်ဝေ

**ယင်းမာပင် ဒီဇင်ဘာ ၁၉**

ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ယင်းမာပင်မြို့နယ်အတွင်းရှိ ပြည်သူများ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များနှင့် ခွင့်မပြုဓာတုဆိုးဆေးများ ပါဝင်ခြင်းကြောင့် ကြေညာထားသည့် ပစ္စည်းစာရင်းစာရွက်များကို ဒီဇင်ဘာ ဒုတိယပတ်က ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

စားသုံးသူရေးရာဦးစီးဌာနက ဖြန့်ဝေသည့် ပြည်သူ အသိပညာပေး လက်ကမ်းစာစောင်တွင် စားသုံးသူများ အခွင့်အရေး၊ စားသုံးသူအကာအကွယ်ပေးရေးအဓိပ္ပာယ်၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ လုပ်ငန်းရှင်များ၏ တာဝန်များ၊ စီမံခန့်ခွဲရေး ပြစ်ဒဏ်များ ပါဝင်ပြီး စားသုံးသူများ ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာမှုများရှိပါက ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်သည့် လိပ်စာနှင့် တယ်လီဖုန်းအမှတ်များကိုလည်း ဖော်ပြထားသည်။ **(မေသရဖူဖူး)**

# နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်/ထွက် လည်ပတ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် တာချီလိတ်နယ်စပ် ဝင်/ထွက်ပေါက်မှတစ်ဆင့် လာရောက် လည်ပတ်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ ၁၅ ရက်အထိ ထိုင်း၊ တရုတ်နိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၂၉၈၂ ဦးတို့သည် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်နယ်စပ်သို့ ဝင်ရောက်လာကာ တာချီလိတ်မြို့တွင်းရှိ တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက်လည်ပတ်ခဲ့ကြကာ ထိုင်း၊ တရုတ်နိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၇၈၇၃ ဦးတို့သည် မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်သို့လည်းကောင်း၊ ထိုင်းနိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၃၁၁၆ ဦးတို့သည် မိုင်းလားခရီးစဉ်ဒေသသို့ လည်းကောင်း၊ ထိုင်း၊ တရုတ်နိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၉၆၀၂ ဦးတို့သည် တာချီလိတ်မှတစ်ဆင့် တောင်ကြီး- အင်းလေး-ပုဂံ-မန္တလေး-ကျိုက်ထီးရိုး-ရန်ကုန် စသည့် ပြည်တွင်းပိုင်း ခရီးစဉ်ဒေသများသို့ လည်းကောင်း သွားရောက်လည်ပတ်ခဲ့ကြသည်။

ဧည့်သည်အများစုသည် မိုင်းဖြတ်မြို့ရှိ ဈေးတန်းကြီးဘုရား၊ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ဓာတ်ကျော့မ်ဆရီ၊ ရမ်းထုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စသည့် အထင်ကရနေရာများသို့ သွားရောက် လည်ပတ်ကြသည်။ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ တောတောင်ရေမြေ သဘာဝရှုခင်းများကို ပကတိလေ့လာနိုင်စေရန်၊ နယ်မြေဒေသအသီးသီးရှိ အထင်ကရခရီးစဉ်နေရာများ၊ ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသော ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များနှင့် လူနေမှုဘဝပုံစံများကို ကိုယ်တိုင်လေ့လာသိရှိခံစားနိုင်စေရန်အတွက် အဆက်မပြတ် ဝင်/ထွက် လည်ပတ်လျက်ရှိသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် Marvellous Memory Travels & Tours Co.,Ltd အစီအစဉ်ဖြင့် မလေးရှားနိုင်ငံသားဧည့်သည် ၄၃ ဦးသည် ၎င်းတို့ ကိုယ်ပိုင်မော်တော် ယာဉ် ၁၅ စီးဖြင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် မြန်မာနိုင်ငံ တာချီလိတ်မြို့သို့ ဝင်ရောက်လာပြီး ခွင့်ပြုခရီးစဉ်ဒေသများဖြစ်သော တာချီလိတ်-ကျိုင်းတုံ-အင်းလေး-မန္တလေး-ပုဂံ-နေပြည်တော်-ရန်ကုန်- မော်လမြိုင်-မြဝတီ စသည့်ဒေသများသို့ သွားရောက်လည်ပတ်ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် မြဝတီနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ခရီးစဉ်တွင် လည်ပတ်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# ကော့မှူးမြို့နယ် တိုးမြစ်အတွင်း၌ ရေယာဉ်နှစ်စင်း တိုက်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ကော့မှူးမြို့နယ် တိုးမြစ်အတွင်း ဝဲကြီးကွေ့အနီး၌ ဒီဇင်ဘာ ၁၉ ရက် ည ၁၀ နာရီခန့်တွင် ရေယာဉ်အုပ် ဦးတင်မြင့် မောင်းနှင်သော ပုသိမ်သူ ရန်ကုန်-မော်ကျွန်း-ပုသိမ်ခရီးသည်တင် ရုပ်ပြေးရေယာဉ်နှင့် ဦးစိုးစိုး မောင်းနှင်သော ချမ်းမြေ့ထွန်းကုန်တင်ရေယာဉ်တို့ တိုက်မိခဲ့ပြီး ချမ်းမြေ့ထွန်းကုန်တင်ရေယာဉ်မှာ တိုးမြစ်အတွင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်သူ ခရီးသည်တင် ရုပ်ပြေးရေယာဉ်၌ ခရီးသည် ၃၀၀ ခန့်ပါရှိပြီး ရန်ကုန်မြို့မှ မော်ကျွန်းမြို့သို့ မောင်းနှင်သွားစဉ် ချမ်းမြေ့ထွန်းကုန်တင်ယာဉ်မှာ ကျိုက်လတ်မြို့ မှ ရန်ကုန်မြို့သို့ မောင်းနှင်လာကာ တိုးမြစ်အတွင်းရှိ ဝဲကြီးကွေ့အရောက်၌ ၎င်းဝဲအား ရှောင်ကွင်းမောင်းနှင်ရာမှ ရုပ်ပြေးရေယာဉ်ရှေ့သို့ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်တိုက်မိကာ နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။ ယင်းသို့ ရေယာဉ်တိုက်မှုဖြစ်ပွားခဲ့သဖြင့် ချမ်းမြေ့ထွန်းကုန်တင်ရေယာဉ်ပေါ်ပါ ဦးသန်းအေးတွင် ဦးခေါင်းပေါက်ပြဒဏ်ရာ အနည်းငယ်ရရှိခဲ့ပြီး ပုသိမ်သူရေယာဉ်ပေါ်ပါ ခရီးသည်များမှာ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

နောက်ဆက်တွဲသတင်းအရ ချမ်းမြေ့ထွန်းကုန်တင်ယာဉ်ပေါ်တွင် ဆန်အိတ် ၁၀၀၀ ခန့်မှန်းတန်ဖိုးသိန်း ၂၅၀ နှင့်ရေယာဉ်တန်ဖိုးခန့်မှန်း သိန်း ၂၅၀ စုစုပေါင်း သိန်း ၅၀၀ ခန့်ဆုံးရှုံးခဲ့ပြီးကော့မှူးမြို့နယ် ကျိုက်ကော်ရဲတပ်ဖွဲ့စခန်းတွင် စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။

**ထိန်ဝင်း(ကြည့်မြင်တိုင်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်(ရွှေဈေး) ၈၅၅၀၀၀ - ၈၅၅၀၀၀၊ မန္တလေး(ရွှေဈေး) ၈၅၅၀၀၀ - ၈၅၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၀၀/၇၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၈၂၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၅၀/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၈၀/၇၁၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၄ ကျပ်၊

အောက်တိန်း *92* တစ်လီတာ ၆၈၅ ကျပ်

**၁၂-၁၂-၂၀၁၆ ရက်နေ့မှ ၁၆-၁၂-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၇၀၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၉၁ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၃. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၈၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၂၄၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၂၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၁၉၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၄. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅. ၅၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၈. ၈၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၈. ၈၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**






# ပရိသတ်ရှေ့အရောက်ပြန်လာတော့မယ့် ရိန်း

တောင်ကိုရီးယား ထိပ်တန်းမင်းသားတစ်ဦးဖြစ်ရုံသာမက တေးသံရှင်တစ်ဦးအဖြစ်ပါကျော်ကြားတဲ့ ရိန်းဟာ သူ့ရဲ့အနုပညာလှုပ်ရှားမှုတစ်ခုနဲ့အတူ လာမယ့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ပရိသတ်ရှေ့အရောက် ပြန်လာတော့မှာဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ရိန်းကုမ္ပဏီက လာမယ့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှာ ရိန်းဟာ တစ်ကိုယ်တော်တေးသီချင်းတစ်ပုဒ်နဲ့အတူ အနုပညာလုပ်ငန်းတွေကို ပြန်လည်စတင်တော့မှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၉ ရက်က ရိန်းကုမ္ပဏီက ရိန်းရဲ့ပိုစတာခတ်ပုံသစ်တစ်ခုနဲ့အတူ ပရိသတ်အများမျှော်လင့်နေခဲ့ရတဲ့ အဆိုပါနေ့ရက်ကို ထုတ်ပြန်ကြေညာပေးခဲ့တာဖြစ်ပါတယ်။

ယခုထွက်ရှိမယ့်တေးသီချင်းဟာ လွန်ခဲ့တဲ့သုံးနှစ်တာကာလအတွင်း ပထမဆုံးပြန်လည်ထွက်ရှိလာတဲ့ ရိန်းရဲ့ အနုပညာလက်ရာတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းမှာ သူ့ရဲ့ခြောက်ခုမြောက်တေးအယ်လ်ဘမ် "Rain Effect" ကို နောက်ဆုံးထုတ်လွှင့်ခဲ့တာဖြစ်ပြီး အဲဒီနောက် ရိန်းရဲ့အနုပညာလက်ရာတွေကို လတ်တလောအချိန်အထိ ထပ်မံခံစားခဲ့ရခြင်း မရှိတော့တာဖြစ်ပါတယ်။ သူဟာ အဆိုပါသုံးနှစ်တာကာလအတွင်း အထူးဖန်တီးမှုတစ်ခုကိုပြုလုပ်နေတာကြောင့် ယခုလို တိတ်ဆိတ်နေခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

ဇန်နဝါရီ ၁၅ ရက်မှာ ထုတ်လွှင့်သွားမယ့် ရိန်းရဲ့တေးသီချင်းသစ်အတွက် တေးဗီဒီယိုရိုက်ကူးရေးလုပ်ငန်းတွေဟာ လတ်တလောမှာ အဆုံးသတ်နေပြီဖြစ်ကာ အစမ်းလေ့ကျင့်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။



# ကိုယ်အလေးချိန်လျှော့ချမှာမဟုတ်ဘူးလို့ဆိုလာတဲ့ ဝမ်န်ဒီ

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ "Red Velvet"က အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဝမ်န်ဒီကတော့ အခြားသော ကေပေါ့ပ်အနုပညာရှင်တွေနဲ့မတူတစ်မူထူးခြားသူဖြစ်ပါတယ်။ ကိုယ်အလေးချိန်လျှော့ချခြင်းဟာ တောင်ကိုရီးယားအနုပညာရှင်တွေအကြား ရေပန်းအစားဆုံးအရာတွေထဲက တစ်ခုဖြစ်ပေမယ့် သူကတော့ ကိုယ့်ကိုယ်ကိုယ် ပိုမိုကြည့်ကောင်းစေဖို့ အထူးတလည်ကိုယ်အလေးချိန်လျှော့ချသွားမှာမဟုတ်ကြောင်း ပြောကြားခဲ့ပါတယ်။

မကြာသေးမီကပြုလုပ်ခဲ့တဲ့ ရုပ်သံစကားဝိုင်းအစီအစဉ်တစ်ခုမှာ ကိုယ်အလေးချိန်လျှော့ချတာနဲ့ပတ်သက်ပြီး ကြယ်ပွင့်တွေရဲ့အမြင်ကို ဆွေးနွေးခဲ့ရာမှာ ဝမ်န်ဒီက ကျန်းမာရေးကိုထိခိုက်စေတဲ့အထိ ကိုယ်အလေးချိန်လျှော့ချတာဟာမဖြစ်သင့်ကြောင်း သူ့ရဲ့အမြင်ကို ထုတ်ဖော်ဆွေးနွေးခဲ့တာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

တောင်ကိုရီးယားအနုပညာရှင်တွေအတွက် အလှအပနဲ့ပတ်သက်ပြီး ဖိအားတွေဖြစ်စေတဲ့အရာတွေထဲမှာ ကိုယ်အလေးချိန်ဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပိန်ပါးတဲ့ကိုယ်ခန္ဓာကို ပိုင်ဆိုင်ရေးဟာ အမျိုးသားရောအမျိုးသမီးအနုပညာရှင်တွေအတွက်ပါ အလွန်အရေးပါတဲ့ကိစ္စဖြစ်ပါတယ်။ အချို့သောအနုပညာရှင်တွေဟာ ကိုယ်အလေးချိန်လျှော့ချဖို့ အလွန်ပြင်းထန်တဲ့ အစားအစာရှောင်ခြင်းတွေကို ပြုလုပ်နေရပြီး ကိုယ်အလေးချိန်လျှော့ချတဲ့အစီအစဉ်တွေဟာ တောင်ကိုရီးယားအနုပညာရှင်အများစုအတွက် ကြီးမားတဲ့အတားအဆီးတစ်ခုဖြစ်နေကာ အဆိုပါဖြစ်ရပ်ဟာ လုံးဝမဖြစ်သင့်ဘူးလို့ ဝမ်န်ဒီက ဆိုခဲ့ပါတယ်။

ဝမ်န်ဒီက "ကိုယ်အလေးချိန်ဟာ အနုပညာရှင်တစ်ဦးအတွက် အလွန်အရေးကြီးတဲ့အရာမဟုတ်ဘူးလို့ ကျွန်မကတော့ ခံစားရတယ်။ ကျွန်မအနေနဲ့ကတော့ ကျန်းမာနေရင်လုံလောက်ပြီလို့ ထင်ပါတယ်။ ဒါ့အပြင် အမျိုးသမီးတစ်ဦးဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေရင် တကယ်ကိုလှပတဲ့သူတစ်ဦးဖြစ်နေတယ်လို့လည်း ထင်ပါတယ်"လို့ သူ့ရဲ့အမြင်ကို ဖွင့်ဟခဲ့ပါတယ်။

ဝမ်န်ဒီက သူ့အနေနဲ့ ကိုယ်အလေးချိန်လျှော့ချခဲ့တာတွေရှိခဲ့ပေမယ့် ကျန်းမာရေးကို မထိခိုက်စေတဲ့အစီအစဉ်မျိုးနဲ့သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဆိုပါတယ်။

# တရားဝင်ကွာရှင်းလိုက်ပြီဖြစ်တဲ့ မက်ခ်အန်ထော်နီနဲ့ ရှန်နွန်ဒီလီမာ

နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ မက်ခ်အန်ထော်နီနဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ရှန်နွန်ဒီလီမာတို့ဟာ လတ်တလောမှာ တရားဝင်ကွာရှင်းကြဖို့ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ယူအက်စ်အပတ်စဉ်ဂျာနယ်က ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၈ ရက်က ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

အဆိုပါကြယ်ပွင့်စုံတွဲက အကြိမ်ကြိမ်ဆွေးနွေးမှုတွေပြုလုပ်ခဲ့ကြပြီး သေချာစဉ်းစားဆုံးဖြတ်ပြီးတဲ့နောက်မှာတော့ နှစ်နှစ်တာ အိမ်ထောင်ရေးကို အဆုံးသတ်လိုက်ကာ ကွာရှင်းပြတ်စဲကြဖို့ နှစ်ဦးသားသဘောတူခဲ့တာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သူတို့ရဲ့ကွာရှင်းမှုတွေနဲ့ပတ်သက်ပြီး ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုအဖြစ် သီးခြားဆောင်ရွက်လိုတာကြောင့် မီဒီယာတွေကို နောက်ထပ်တွေ့ဆုံဖြေကြားမှုတွေ ရှိလာတော့မှာမဟုတ်ကြောင်းလည်း ဆိုခဲ့ကြကြောင်း သိရပါတယ်။

မက်ခ်အန်ထော်နီနဲ့ ရှန်နွန်ဒီလီမာတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၂ခုနှစ်အတွင်းစတင်တွေ့ဆုံခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးရဲ့တွေ့ဆုံမှုနောက်မှာ မက်ခ်အန်ထော်နီက သူနဲ့ ခုနှစ်နှစ်ကြာလက်တွဲခဲ့တဲ့ ဇနီးသည် ပေါ့ပ်အဆိုတော် ဂျနီဖာလိုပက်ဇ်ကို လမ်းခွဲခဲ့ပါတယ်။ အပြီးသတ်ကွာရှင်းမှုတွေကို ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှာ မက်ခ်အန်ထော်နီနဲ့ ရှန်နွန်ဒီလီမာတို့နှစ်ဦး တရားဝင်လက်ထပ်ပွဲဆင်နွှဲခဲ့ကြတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းကျင်းပခဲ့တဲ့ (၁၇)ကြိမ်မြောက် လက်တင်တေးဂီတဆုပေးပွဲမှာ ထူးချွန်ဆုရရှိခဲ့တဲ့ မက်ခ်အန်ထော်နီနဲ့ ဖျော်ဖြေ တင်ဆက်သူတစ်ဦးဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်တို့နှစ်ဦး ဖျော်ဖြေရေးစင်မြင့်ပေါ်မှာ အနမ်းတွေခြွေခဲ့ကြပြီးနောက် မက်ခ်အန်ထော်နီတစ်ယောက် လတ်ရှိဇနီးသည်ဖြစ်တဲ့ ရှန်နွန်ဒီလီမာနဲ့ လမ်းခွဲခဲ့တော့မယ့်ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒါ့ကြောင့် ဒီသုံးပွင့်ဆိုင်ဇာတ်လမ်းမှာတော့ ကံကြမ္မာရဟတ်တစ်ပတ်လည်လာတယ်လို့ ဆိုရမလားပါပဲ။




အေး ပြည့် - စု စည်း ရေး သား သည်

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၀-၁၂-၂၀၁၆(အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "မေတ္တာဒဏ်ကြေး" (ဝေဖြိုးဟိန်း၊ Flory၊ ဟိန်းထက်ဝင်း၊ သန္တာ၊ ကိုဖြိုး၊ ဝင်းကို၊ သရ) (ဒါရိုက်တာ-ဝေဠု(ဝသန်) |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ် |
| ၁၁း၁၅ | "သူတို့အတွေး သူတို့အမြင်" |
| ၁၁း၃၅ | မျက်မှောက်ရေးရာသုံးသပ်စရာ |
| ၁၂း၃၅ | "တစ်ခုခုဖြစ်သွားခြင်းအကြောင်း" |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၆၅) |
| ၂း၄၅ | Yes or No Talk Show "Employee or Entrepreneur" (Part-1) |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တို့မယူလို"(အပိုင်း-၆၅) |
| ၃း၃၅ | "ကွမ်းစားသုံးမှုလျှော့နည်း ပပျောက်ဖို့ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့" |
| ၅း၁၅ | "ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ"(Video Click) |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း |
| ၆း၃၅ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီ မင်းမော်ကွန်း) |
| ၆း၄၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပဲခူးဆားနှင့်သူ၏ဗိုင်းရပ်စ်များ" (ရန်အောင်၊ ကျော်ရဲအောင်၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ ပက်ထရစ်ရှာ) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တို့မယူလို"(အပိုင်း-၆၆) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၆၆) -ပြည်သူ့နီတိ "ဝက်န္တမေတ္တာ" (သူရဇ္ဇ၊ ဆုမြတ်နိုးဦး၊ နွဲ့နွဲ့စန်း) (ဒါရိုက်တာ-မိုးဇော်ကို) |

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

## မြဝတီရုပ်မြင်သံကြား

၂၀-၁၂-၂၀၁၆(အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၈း၄၅ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၁၀ | World Wide Web |
| ၉း၂၅ | မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ |
| ၉း၄၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၁၀း၀၀ | တစ်ပတ်အတွင်းမွေးမြူရေးသတင်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၃၀ | English For Everyone |
| ၁၁း၂၅ | Sportcast |
| ၁၁း၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၂၅ | ကျန်းမာသုတ |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၄း၄၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၅၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | Sport Review |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၈၂) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရုဏ်ဦးရဲ့ ပန်းသခင် အပိုင်း(၈၃) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | Taste On The Street |
| ၆း၃၅ | Fashion King |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံသရာတစ်ကွေ့ဝယ် အပိုင်း(၁၂) -ဟာသရုပ်စုံ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လက်ခုပ်ထဲကမျက်ရည် အပိုင်း(၂၁) |

# မန်စီးတီး သွင်းဂိုးနှစ်ဂိုးလုံး လူကျွံနေဟု ဝင်းဂါး ယုံကြည်

အာဆင်နယ်နည်းပြ ဝင်းဂါးက မန်စီးတီးအသင်းသွင်းယူသော သွင်းဂိုးနှစ်ဂိုးစလုံးမှာ လူကျွံနေပြီး ဒိုင်ဖြစ်သူ၏ ဆုံးဖြတ်ချက်အမှားများကြောင့် အာဆင်နယ်အသင်း အမှန်တကယ်နစ်နာရကြောင်း ဝေဖန်ပြောကြားလိုက်သည်။ ဝင်းဂါးက မန်စီးတီးအား ရှုံးနိမ့်ခဲ့သည့် ရလဒ်ပိုင်းအပေါ် လက်ခံရန်ခဲယဉ်းပြီး မန်စီးတီးအသင်းသွင်းယူသော နှစ်ဂိုးလုံးမှာ လူကျွံနေသည်ဟု ယုံကြည်ကြောင်း ဆိုသည်။

ဝင်းဂါးသည် အဲဗာတန်အသင်းအား ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင်လည်း ဒိုင်ဖြစ်သူ ကလက်တန်ဘာ့ဂ်ျကို အပြစ်တင်ခဲ့သေးရာ အဲဗာတန်နည်းပြ ရော်နယ်လ်ကိုးမန်းက ဝင်းဂါးအနေဖြင့် အာဆင်နယ်ရှုံးနိမ့်တိုင်း ဒိုင်ကိုသာ အပြစ်တင်တတ်ကြောင်း တုံ့ပြန်ခဲ့ပြီးဖြစ်သည်။ အာဆင်နယ်သည် ပွဲအစ ငါးမိနစ်တွင် သီယိုဝဲလ်ကော့၏ သွင်းဂိုးဖြင့် ဦးဆောင်နေခဲ့ပြီးမှ ဒုတိယပိုင်းတွင် မန်စီးတီးမှ ဆာနီနှင့် စတာလင်းတို့၏ သွင်းဂိုးနှစ်ဂိုးကို ခွင့်ပြုခဲ့ရခြင်းကြောင့် ငါးရက်အတွင်း နှစ်ပွဲဆက်ရှုံးနိမ့်မှု နှင့် ရင်ဆိုင်ခဲ့ရပြီဖြစ်ရာ ဦးဆောင်သူ ချယ်လ်ဆီးနှင့် ကိုးမှတ်အထိ ကွာဟသွားပြီဖြစ်သည်။

ဝင်းဂါးက "အင်္ဂလန်မှာ ဒိုင်တွေနဲ့ ပတ်သက်ပြီး ပြောရရင်တော့ တကယ့် ပြဿနာပါပဲ။ သူတို့ကို အကုန်လုံးက ကာကွယ်ပေးထားတာကြောင့် သူတို့က သက်သောင့်သက်သာ အနေအထားရှိနေတာဖြစ်ပါတယ်။ ကျွန်တော် ဒီဂိုးတွေကို ကြည့်တော့ နှစ်ဂိုးလုံးက လူကျွံအနေအထားပါပဲ။ ဒုတိယသွင်းဂိုးက ငါးကိုက်စည်း လူကျွံအနေအထားပါ။ ဒါပေမယ့် ကျွန်တော်တို့ ဘာတတ်နိုင်မှာလဲ" ဟု ဒိုင်များနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ဝင်းဂါးက ဒိုင်လူကြီး အက်ကင်ဆန် ဆုံးဖြတ်ချက်များမှာ စိတ်ပျက်စရာကောင်းပြီး အင်္ဂလန်ဒိုင်များမှာ တိရစ္ဆာန်ရုံမှ ခြင်္သေ့များကဲ့သို့ အကာအကွယ်ပေးခံထားရကြောင်း ဒေါသတကြီး ဝေဖန်ပြောကြားခဲ့သည်။ ဝင်းဂါးက အက်ကင်ဆန်နှင့် လက်ထောက်ဒိုင်များအားလုံးကို အပြစ်တင်ခဲ့သလို ပရော်ဖက်ရှင်နယ် ပွဲကြီးကြပ်ရေးတာဝန်ရှိသူများအသင်း အကြီးအကဲဖြစ်သူ မိုက်ရက်လေ၏ စီမံကိုင်တွယ်ပုံများမှာလည်း စိတ်ပျက်ဖွယ်ကောင်းကြောင်း မှတ်ချက်ပြုခဲ့သည်။

ဝင်းဂါး၏ မှတ်ချက်စကားအပေါ် ဂိုးသမားပီတာဆက်ချ်ကလည်း ထောက်ခံခဲ့ပြီး ဆေးလ်ဗားက ဂိုးရှေ့ ပိတ်ရပ်နေသဖြင့် စတာလင်းကန်ချက်ကို ၎င်းမမြင်တွေ့ခဲ့ကြောင်း ပြောကြားခဲ့သည်။ သို့သော် မန်စီးတီးနည်းပြ ဂွါဒီယိုလာက ယခုပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သလို မန်စီးတီးကသာ ပွဲကို လွှမ်းမိုးခဲ့ပြီး အနိုင်ရလဒ်နှင့် ထိုက်တန်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။ မန်စီးတီးအသင်းသည် ယခုနိုင်ပွဲကြောင့် လီဗာပူးအသင်း မာဆေးဆိုက်ဒါဘီ မယှဉ်ပြိုင်ရသေးမီ ချယ်လ်ဆီးနှင့် ရမှတ်ခုနစ်မှတ်အကွာ အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။ **(ရှိုင်းယန်ဟောဒင်)**






# ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေး

## BBC Sports Personality of the Year ဆုဆွတ်ခူး

ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား အန်ဒီမာရေးသည် BBC Sports Personality of the Year 2016 ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အဆိုပါဆုကို သုံးကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်သည်။

တင်းနစ်အကျော်အမော် အန်ဒီမာရေးသည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင်လည်း BBC Sports Personality of the Year ဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အဆိုပါဆုကို ရရှိခဲ့သည့်အပြင် တင်းနစ်လောက၏ ကမ္ဘာ့နံပါတ်တစ်ကစားသမားအဖြစ်လည်း မှတ်တမ်းကောင်းတစ်ရပ်စိုက်ထူနိုင်ခဲ့သူဖြစ်သည်။

အန်ဒီမာရေးသည် BBC Sports Personality of the Year 2016 ဆုကို ဘာမင်ဂမ်မြို့ ပရိသတ် ၁၂၀၀၀ ရှေ့မှောက်တွင် လက်ခံရယူခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုမှာ ဗြိတိန်အားကစားလောကအတွက် ကြီးကျယ်ခမ်းနားသည့် ဂုဏ်ပြုမှုတစ်ရပ်ဖြစ်ခဲ့ပြီး ဆုရရှိခဲ့ခြင်းအတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း အန်ဒီမာရေးက ဆိုသည်။

၂၀၁၆ ခုနှစ်သည် အန်ဒီမာရေးအတွက် အထိမ်းအမှတ်နှစ်တစ်နှစ်ဖြစ်လာခဲ့သည်။ ယင်းမှာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ဇနီးဖြစ်သူ ကင်က သမီးငယ် ဆိုဖီယာကို မွေးဖွားပေးခဲ့ခြင်းကြောင့် ဖခင်ဖြစ်လာရခြင်း၊ ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက ဒုတိယအကြိမ်မြောက် ဝင်ဘယ်လ်ဒန်တင်းနစ်ချန်ပီယံဖြစ်လာခြင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက ရီယိုဒီဂျနေရိုးမြို့တွင် ကျင်းပခဲ့သည့် အိုလံပစ်ပြိုင်ပွဲတွင် တစ်ဦးချင်းအိုလံပစ်ရွှေတံဆိပ်ဆုကို ကာကွယ်နိုင်ခဲ့ခြင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက တင်းနစ်လောကတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၁) နေရာ၌ ရပ်တည်လျက်ရှိသည့် ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ချ်ကို ကျော်ဖြတ်ကာ ကမ္ဘာ့အဆင့်နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့ခြင်းတို့ဖြစ်သည်။ **(ငွေကြယ်)**

# ဖီဖာကမ္ဘာ့ကလပ်ဖလားတွင် ဟက်ထရစ်သွင်းယူပြီးနောက် အိပ်မက်ဆန်သောနှစ်တစ်နှစ်ဟု စီရိုနယ်လ်ဒိုပြောကြား

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းက ကာရှီမာအသင်းအား လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ဖီဖာကမ္ဘာ့ကလပ်ဖလားဗိုလ်လုပွဲတွင် ဗိုလ်စွဲခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်မှာ အိပ်မက်ဆန်သောနှစ်တစ်နှစ်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကာရှီမာအသင်းတို့သည် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် အချိန်ပိုမိနစ် ၃၀ ကစားခဲ့ရာတွင် စီရိုနယ်လ်ဒို၏ သွင်းဂိုးနှစ်ဂိုး ထပ်မံရရှိခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ဖီဖာကမ္ဘာ့ကလပ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။စီရိုနယ်လ်ဒိုလည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။

အဆိုပါဆုဖလားသည် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းအတွက် အသင်းနှင့်အတူ တစ်နှစ်အတွင်း သုံးကြိမ်မြောက်ဆုဖလားရရှိခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ပေးအပ်ချီးမြှင့်သည့် ၂၀၁၆ ဘလွန်းဒီအောဆုကို လေးကြိမ်မြောက်ဆွတ်ခူးထားသည့် စီရိုနယ်လ်ဒိုအတွက်လည်း ထူးခြားစွာအောင်မြင်မှုရရှိခဲ့သည့် နှစ်တစ်နှစ်လည်းဖြစ်လာခဲ့သည်။

ထို့ပြင် စီရိုနယ်လ်ဒိုသည် တစ်ဦးချင်းဆုများကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ၂၀၁၆ ခုနှစ်အတွင်း ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား၊ ယူအီးအက်ဖ်အေစူပါဖလားနှင့် ယခု ဖီဖာကမ္ဘာ့ကလပ်ဖလားတို့ကို လည်းကောင်း၊ ပေါ်တူဂီအသင်းနှင့်အတူ ယူရို ၂၀၁၆ ဆုဖလားကိုလည်းကောင်း ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် နိုင်ငံအသင်းအတွက်ရော ကလပ်အသင်းအတွက်ပါ စုစုပေါင်းဆုဖလားလေးလုံးကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် စီရိုနယ်လ်ဒိုက ၂၀၁၆ ခုနှစ်မှာ အိပ်မက်ဆန်သောနှစ်တစ်နှစ်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**





# တစ်ရာသီလုံး အနားယူရတော့မယ့် ဂန်ဒိုဂန်ကို ဂုဏ်ပြုခဲ့ကြတဲ့ မန်စီးတီးကစားသမားများ

မန်စီးတီးနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် မန်စီးတီးကစားသမားများအားလုံး ကွင်းထဲသို့ ဝင်ရောက်လာစဉ် ကျောနံပါတ်(၈)ဂျာစီ ဝတ်ဆင်၍ တစ်ရာသီလုံးအနားယူရတော့မည့် မန်စီးတီးကွင်းလယ်လူဂန်ဒိုဂန်ကို ဂုဏ်ပြုခဲ့ကြသည်။ ဝက်ဖို့ဒ်နှင့် ပွဲစဉ် ဂန်ဒိုဂန်ရရှိခဲ့သည့် ဒူးဒဏ်ရာမှာ ပြင်းထန်သဖြင့် လက်ကျန်ရာသီပွဲစဉ်များအားလုံးကို လွဲချော်တော့မည်ဖြစ်ရာ မန်စီးတီးအသင်းဖော်များက ဂန်ဒိုဂန်ကို လေးစားမှုပြသသည့်အနေဖြင့် ယခုကဲ့သို့ ကွင်းထဲသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဂန်ဒိုဂန်မှာ နောက်ကျောဒဏ်ရာကြောင့် မန်စီးတီး ရာသီအစပွဲစဉ်များကို လွဲချော်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီ သွင်းဂိုးငါးဂိုး သွင်းယူနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းအား အနိုင်ယူနိုင်ခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အထူးခြေစွမ်း ပြသနိုင်ခဲ့သူဖြစ်သည်။ ဂန်ဒိုဂန်သည် ဒဏ်ရာပြဿနာကြောင့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၁၆ ယူရိုပြိုင်ပွဲ ပွဲစဉ်များကို လွဲချော်ခဲ့သေးပြီး ယခု တစ်ကြိမ်လည်း ကာလကြာရှည် ဒဏ်ရာပြဿနာ ထပ်မံကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ သို့သော် မန်စီးတီးအသင်း၏ ယခုကဲ့သို့ဂုဏ်ပြုမှုအပေါ် ပရိသတ်များက အဓိပ္ပာယ်မရှိသောလုပ်ရပ်အဖြစ် ဝေဖန်ခဲ့ကြသလို ဂန်ဒိုဂန်သေဆုံးသွားခြင်းမဟုတ်သည့်အတွက် ယခုလောက်အထိ လုပ်ဆောင်ရန်မလိုအပ်ဟု မန်စီးတီးအသင်းတွစ်တာစာမျက်နှာပေါ်တွင် မှတ်ချက်များရေးသားခဲ့ကြသည်။ **(ရှိုင်းယန်ဟောဒင်)**

## မြို့နယ်ဘက်စုံစာမေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အ-ထ-က (၁) ကျောင်း၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် မြို့နယ်ဘက်စုံစာမေးပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကျင်းပရာ အဋ္ဌမတန်း ၃၆ ဦး၊ နဝမတန်း ၁၆ ဦးနှင့် ဒသမတန်း ၁၆ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၆၈ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

"မြို့နယ်ဘက်စုံစာမေးပွဲဆိုတာ လူရည်ချွန်စာမေးပွဲဖြစ်ပါတယ်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာဘာသာနဲ့ ဗဟုသုတတွေကို လူတွေ့ နှုတ်ဖြေဆိုပြီး ခွဲခြားဖြေဆိုရမှာပါ။ ၁၂ ရက်နဲ့ ၁၃ ရက်မှာ ရေးဖြေကို အဋ္ဌမတန်းက နံနက် ၉ နာရီမှ ၁၀ နာရီခွဲ၊ မွန်းလွဲပိုင်းမှာ ၁ နာရီမှ ၂ နာရီခွဲထိ၊ နဝမတန်းနဲ့ ဒသမတန်းအတွက် နံနက် ၉ နာရီမှ ၁၁ နာရီထိ၊ မွန်းလွဲပိုင်းမှာ ၁ နာရီမှ ၃ နာရီထိ ဖြေဆိုပြီး ဒီဇင်ဘာ ၁၄ ရက်မှာတော့ ကျောင်းသား၊ ကျောင်းသူအားလုံးကို နံနက် ၉ နာရီကစပြီး ကိုယ်ကာယကြံ့ခိုင်ရေးစစ်ဆေးပါတယ်" ဟု ဦးသိန်းဆွေ လက်ထောက်ညွှန်ကြားရေးမှူး (ပညာ)က ရှင်းပြသည်။ **၁၉၇**

## ကျောက်တန်းမြို့နယ်တွင် (က) လိုင်စင်များ အထူးကွင်းဆင်းဆောင်ရွက်

**ကျောက်တန်း ဒီဇင်ဘာ ၁၉**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (တောင်ပိုင်းခရိုင်) သန်လျင်မှ ခရိုင်ဦးစီးမှူး ဦးကျော်ရွှေ ခေါင်းဆောင်သောအဖွဲ့သည် ကျောက်တန်းမြို့နယ် တံတားမြို့သို့ ဒီဇင်ဘာ ၁၄ ရက်က မော်တော်ဆိုင်ကယ်မောင်း (က) လိုင်စင်များကို အထူးအနေဖြင့် နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးသည်။

မော်တော်ဆိုင်ကယ်မောင်း (က) လိုင်စင်များ ဆောင်ရွက်ပေးရာတွင် ခရိုင်ဦးစီးမှူး ဦးကျော်ရွှေ၊ စစ်ဆေးရေးမှူး (၃) ဦးဝေလင်းထက်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဟောပြောခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံ ဒေါ်သက်မာကလည်း အာမခံလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ (က)လိုင်စင်ပြုလုပ်ပေးရာသို့ မော်တော်ဆိုင်ကယ်အစီး ၉၀၀ ခန့် လာရောက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **အောင်ဆွေ (ရွှေတံတား)**

# ပုပ္ပားတောင်မကြီးအား UNESCO အသိအမှတ်ပြုဒေသဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားရန် ဒေသခံအဖွဲ့အစည်းများနှင့်တွေ့ဆုံ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၀ မိုင်အကွာရှိ ပုပ္ပားတောင်မကြီးအား UNESCO စာရင်းဝင်နယ်မြေဖြစ်စေရေးအတွက် ဒေသခံများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်နိုင်ရေး တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က မိမိတို့၏ဒေသအတွင်းရှိ ပုပ္ပားတောင်ကြီးအား ကမ္ဘာ့အသိအမှတ်ပြု စာရင်းဝင်ဖြစ်ရေးလုပ်ငန်းမှာ ဒေသခံများအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်း၍ လိုအပ်သလိုပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ UNESCO GLOBAL GEOPARK ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက ရှင်းလင်းပြောကြားရာတွင် ပုပ္ပားတောင်မကြီးဒေသတစ်ဝိုက်ကျေးရွာများ၏ အခြေအနေနှင့် ဘူမိဗေဒဆိုင်ရာ ပြကွက်အနေအထားများ၊ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် ထိန်းသိမ်းထားရှိရန်လိုအပ်သည့် သဘာဝအရင်းအမြစ်များ အခြေအနေတို့နှင့် ပတ်သက်၍ နိုင်ငံတကာအတွေ့အကြုံများနှင့်ယှဉ်၍ လေ့လာထားရှိမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပုပ္ပားတောင်ကလပ်ဂေါ်ပကအဖွဲ့ဝင်များ၊ ပုပ္ပားတောင်ချစ်သူများအသင်းမှ အသင်းဝင်များနှင့် ဌာနဆိုင်ရာများက သိရှိလိုသည်များကိုမေးမြန်းရာ ဘူမိဗေဒပညာရှင် ဦးသန်းထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ပုပ္ပားတောင်ကြီးကို UNESCO ကို အသိအမှတ်ပြုဒေသဖြစ်စေရေးကိစ္စမှာ မိမိတို့ဒေသအတွက်ပါမက မိမိတို့နိုင်ငံအတွက်ပါ ဂုဏ်ယူစရာကိစ္စဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများကိုလည်း အပြည့်အဝ ပံ့ပိုးကူညီ



ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံညှိနှိုင်းပွဲသို့ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအေးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ UNESCO GLOBAL GEOPARK ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်ကျော်ထွန်း၊ ဦးလှမြင့်၊ ပုပ္ပားတောင်ကလပ်ဂေါ်ပကအဖွဲ့ဥက္ကဋ္ဌ ဦးကံလှနှင့်အဖွဲ့ဝင်များ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုပ္ပားတောင်ချစ်သူများအသင်းနာယကဆရာတော် ဦးယုဇနနှင့်အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



## ဇေယျာသီရိမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်းများကို ဒီဇင်ဘာ ၁၄ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းက မီးသတ်ဆေးဘူးကိုင်တွယ်ပုံနည်းစနစ်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ မီးလောင်မှုဖြစ်ပွားလျှင် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်မှုများကို လက် တွေ့သရုပ်ပြခဲ့ပြီး တက်ရောက်လာသောဝန်ထမ်းများကိုလည်း လက်တွေ့လေ့ကျင့်မှုများ ပြုလုပ်စေခဲ့သည်။ မီးငြိမ်းသတ်မှု လက်တွေ့ သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်နွယ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ထရန်စဖော်မာ ပြောင်းလဲတပ်ဆင်အသုံးပြု

**မုံရွာ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လျှပ်စစ်ဗို့အားကို ပြည့်မီစွာအသုံးပြုနိုင်ရန်အတွက် လက်ရှိအသုံးပြုလျက်ရှိသော ၃၃/ကေဗွီအေ(၁၀၀)အမ်ဗွီအေ ထရန်စဖော်မာနေရာတွင် ၃၃/ကေဗွီအေ(၂၀)အမ်ဗွီအေ ထရန်စဖော်မာအား တိုးမြှင့်တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း မုံရွာမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

"မုံရွာမြို့မှာက စက်မှုဇုန်တွေရော တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်ငန်းတွေ၊ နောက်ပြီး လျှပ်စစ်မီးသုံးစွဲတဲ့ အိမ်ထောင်စုတွေက တစ်နှစ်ထက်တစ်နှစ် များလာတဲ့အတွက် လက်ရှိထရန်စဖော်မာနဲ့က မနိုင်တော့ တဲ့အတွက် သူ့ထက်အားပိုမိုဗို့လွှတ်နိုင်တဲ့ ထရန်စဖော်မာကို ပြောင်းလဲတပ်ဆင်ပြီး အသုံးပြုသွားမှာပါ။ ဓာတ်ကြိုးသွယ်တန်းတဲ့ လမ်းတစ်လျှောက်က မလွတ်ကင်းတဲ့ သစ်ကိုင်းတွေကိုလည်း ရှင်းလင်းပြီးပါပြီ။ ဟောင်းနွမ်းသက်တမ်းကုန်နေတဲ့ လိုင်းကြိုးတွေလည်း ပြောင်းလဲတပ်ဆင်ပြီးပြီဖြစ်တဲ့အတွက် လျှပ်စစ်ဓာတ်အားကို အပြည့်အဝ အသုံးပြုနိုင်မှာပါ "ဟု မုံရွာမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မုံရွာမြို့ပေါ်တွင် ယခင်က တပ်ဆင်အသုံးပြုလျက်ရှိသော ၃၃/ကေဗွီအေ(၁၀)အမ်ဗွီအေ ထရန်စဖော်မာမှ ပို့လွှတ်သည့် လျှပ်စစ်ဓာတ်အားသည် လျှပ်စစ်ဓာတ်အားအသုံးပြုမှုများပြားလာသဖြင့် မီးပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်အသုံးပြုလာသည့် ဦးရေနှင့်ကိုက်ညီစေရန်အတွက် ၃၃/ကေဗွီအေ (၂၀) အမ်ဗွီအေ ထရန်စဖော်မာအား တပ်ဆင်ပြီး အသုံးပြုလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## မြစိမ်းရောင်စီမံကိန်းကျေးရွာအဆင့် နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲ

**ကျောက်ကြီး ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာအုပ်စု တမာခေါ်ကျေးရွာ၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မြစိမ်းရောင်စီမံကိန်းကျေးရွာအဆင့် နှစ်ပတ်လည် သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တမာခေါ်ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် မိတ်ဆက်ခြင်း၊ လုပ်ငန်းတာဝန်များ ရှင်းလင်းခြင်းနှင့် ရန်ပုံငွေထုတ်ချေးခဲ့ပုံများကို ကော်မတီဝင်များက ရှင်းလင်းခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ဆွေးနွေးချက်များကို အနှစ်ချုပ်ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကွန်ကရစ်ခင်းရန် လုပ်ငန်းဆောင်ရွက်

**ကန်ကြီးထောင့် ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်(ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့နယ်လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများထဲမှ ကံကုန်း-မြင်းကဆိပ်လမ်းပိုင်း ကွန်ကရစ်လမ်းခင်းရန် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဒီဇင်ဘာ ၁၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါလမ်းပိုင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းကိုတိုင်းဒေသကြီးမဲဆန္ဒနယ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးထွန်း၊ တိုင်းဒေသကြီး မဲဆန္ဒနယ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးအောင်မြတ်မိုးတို့က(၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကံကုန်းမြင်းကဆိပ်လမ်း၊ လမ်းမိုင်(၁၃/၁-၁၄/၃)မိုင်မှ (၁၄/၅-၁၅/၃)မိုင်ထိ နှစ်မိုင်ခန့်ရှိ လမ်းသားကျွံကျပျက်စီးနေသောအပိုင်းများအားတူးဖော်၍ အကျယ် ၁၈ ပေ၊ အမြင့် ၈ လက်မထုရှိကွန်ကရစ်လမ်းခင်းရန် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကန်ကြီးထောင့်မြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နီလာနှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးသောင်းထွန်းတို့က အဆိုပါလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

# ချင်းတွင်းမြစ်အတွင်း သွားလာသောရေယာဉ်များ အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများဇန်နဝါရီလလယ်တွင် စတင်အကောင်အထည်ဖော်မည်

**မုံရွာ ဒီဇင်ဘာ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်တွင် ဇန်နဝါရီလလယ်မှ မတ်လကုန်အထိ အမှတ် (၂) တစုန်းနုတ်ရေယာဉ် (တနရ-၂) ဖြင့် တစုန်းနုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်သည် မိုးရာသီရေတက်ချိန်များတွင် မြစ်အတွင်းသို့ စီးဝင်လျက်ရှိသော တောင်ကျချောင်းများမှ ရေစီးနှင့်အတူ သစ်ပင်များ မြစ်အတွင်း မျောပါရောက်ရှိကာ ရေစီးလျော့နည်းချိန်တွင် မြစ်ကြမ်းပြင်တွင် ငုတ်များအဖြစ် တင်ကျန်ခဲ့သောတစုန်းများ မြစ်ရေနည်းပါးချိန်များတွင် မြစ်အတွင်း သွားလာသောရေယာဉ်များ၏ ဝမ်းဗိုက်များနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်နိုင်သဖြင့် နှစ်စဉ်နွေရာသီတွင် တစုန်းနုတ်ခြင်းလုပ်ငန်းကို လုပ်ဆောင်ခြင်းဖြစ်သည်။



"တစုန်းတွေကမြစ်ကြမ်းပြင်မှာ အငုတ်အဖြစ်ရှိနေပြီး နွေရာသီရေနည်းချိန်မှာ မြစ်အတွင်းသွားလာကြတဲ့ ရေယာဉ်တွေရဲ့ ဝမ်းဗိုက်တွေကို ထိုးမိပြီးသံခွန်တွေဆိုပေါက်တယ်။ သစ်ကိုယ်ထည်ဆိုရင်ကွဲပြီး နစ်မြုပ်မှုတွေဖြစ်တတ်ပါတယ်။ ဒါကြောင့် တစုန်းနုတ်ခြင်းကို နှစ်စဉ် ချင်းတွင်းမြစ်ရေ နည်းပါးချိန်ဖြစ်တဲ့ ဇန်နဝါရီလနဲ့ မတ်လတွေမှာ လုပ်ငန်းဆောင်ရွက်တာပါ။ ချင်းတွင်းမြစ်အတွင်းစီးဝင်တဲ့ ချောင်းကြီးတွေနဲ့ ချင်းတွင်းမြစ်တို့ပေါင်းစုံရာ အောက်ဘက်တွေမှာ တစုန်းတွေရှိတတ်တယ်။ မိုးကောင်းတဲ့နှစ်တွေဆို တစုန်းတွေ အများဆုံးတင်ကျန်လေ့ရှိတယ်။ နုတ်ပြီးတဲ့တစုန်းငုတ်ကြီးတွေကို မြစ်ကမ်းပါးပြိုခြင်းတို့မှ ကာကွယ်နိုင်ဖို့နဲ့ သောင်အဖြစ်၊ ကျွန်းအဖြစ်ကျန်ချင်တဲ့ နေရာတွေမှာ ပြန်ပြီးချပေးတယ်။ ချင်းတွင်းမြစ်အထက်ပိုင်းဒေသက တစုန်းတွေက သစ်အမာတွေ မဟုတ်တော့ အန္တရာယ်သိပ်ပြီးမရှိဘူး။ ကလေးဝမြို့ မြစ်သာမြစ်အတွင်းက မျောလာတဲ့ သစ်ပင်တွေကတော့ သစ်မာတွေများတော့ ရေယာဉ်တွေအတွက် အန္တရာယ်ပိုများတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တစုန်းတွေကိုတော့ နှစ်စဉ်နုတ်ပေးနေတာပါ" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၆ နှစ် တစုန်းနုတ်ရာသီတွင် ဟုမ္မလင်းမြို့နယ်အတွင်းရှိ မုက္ကလိရေလမ်း၊ မင်းပွဲရေလမ်း၊ နောင်စမ်းကျင်ရေလမ်း၊ ဖောင်းပြင်မြို့နယ်အတွင်း စက်တောရေလမ်း၊ ကြို့ကုန်းရေလမ်း၊ မော်လိုက်မြို့နယ်အတွင်း ရှားပင်ရေလမ်း၊ ကြာအင်းရေလမ်း၊ ကလေးဝမြို့နယ် ပလူဇဝရေလမ်း၊ မထုကြီးရေလမ်း၊ မင်းကင်းမြို့နယ် ပုထိုးလုံးချောင်းအောက် ငါးအုံးရေလမ်း၊ မက္ကတော်အထက်ရေလမ်း၊ လောင်းပြည့်ရေလမ်းတို့တွင် အမှတ် (၂) တစုန်းနုတ်ရေယာဉ် (တနရ-၂) ဖြင့် နုတ်သွားမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဟုမ္မလင်းမြို့မှ မုံရွာမြို့အထိ တစုန်း ၃၅ ခု၊ အလေးချိန် ၅၅ တန်၊ နုတ်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း ဟုမ္မလင်းမြို့မှ မုံရွာမြို့နယ်အထိ ရေမိုင် ၃၂၇ အတွင်း တစုန်း ၃၅ ခုအား နုတ်သွားမည်ဖြစ်ကြောင်းနှင့် တစုန်းနုတ်လုပ်ငန်းဆောင်ရွက်သော စက်ယန္တရားများဖြစ်သော အမှတ်(၁) တစုန်းနုတ်ရေယာဉ် (တနရ-၁)သည် မန္တလေးတိုင်းဒေသကြီးရှိ ဧရာဝတီမြစ်အတွင်း၌လည်းကောင်း၊ (တနရ-၂)သည် စစ်ကိုင်းတိုင်းဒေသကြီးရှိ ချင်းတွင်းမြစ်အတွင်း၌လည်းကောင်း၊ (တနရ-၃) သည် မကွေးတိုင်းဒေသကြီးရှိ ဧရာဝတီမြစ်အတွင်း၌ လည်းကောင်းထားရှိပြီး နှစ်စဉ်မြစ်ရေနည်းပါးချိန်များတွင် တစုန်းနုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## ပုဂ္ဂလိကလုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းရှိ ဂိတ်မှူး၊ ယာဉ်မောင်းများနှင့် ယာဉ်အကူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲပြုလုပ်

**မကွေး ဒီဇင်ဘာ ၁၉**
ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပုဂ္ဂလိကလုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းရှိ ဂိတ်မှူး၊ ယာဉ်မောင်းများနှင့် ယာဉ်အကူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး ကညနရုံး၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မကွေးတိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူးသန့်ဇင်က ယာဉ်တိုက်မှုနှင့် မတော်တဆမှုများဖြစ်ပွားမှုလျော့ကျစေရေးကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု၊ ညှိနှိုင်းမှုဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေဝင်းက ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထွဋ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား စနစ်တကျလိုက်နာစေရန် ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ မကွေးမြို့ ပုဂ္ဂလိကလုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မော်တော်ယာဉ်လိုင်းများမှ ဂိတ်မှူး၊ ဂိတ်စာရေး၊ ယာဉ်မောင်း၊ ယာဉ်အကူတို့ တက်ရောက်ကြပြီး သိရှိလိုသိသည်များကို မေးမြန်းဆွေးနွေးရာ မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထွဋ်က ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## ဌာနဆိုင်ရာများနှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများတွေ့ဆုံဆွေးနွေး

**ညောင်တုန်း ဒီဇင်ဘာ ၁၉**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများတွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရပ်ရွာအေးချမ်းသာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မူခင်းကျဆင်းရေး၊ ပညာရေးလိုအပ်ချက်များ၊ ကျန်းမာရေးကဏ္ဍ၊ လယ်ယာမြေအငြင်းပွားမှုဆိုင်ရာများ၊ ငါးကန်များ ကြုံတွေ့နေရသော အခက်အခဲများကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက တင်ပြဆွေးနွေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဖလမ်းမြို့နယ်တားလ်-လေးလက်လမ်းခွဲမှ ရှုလ်ဘူးအကြား ကျေးရွာချင်းဆက် လိုက်ကွာချောင်းကူးတံတားတည်ဆောက်မည်

**ဖလမ်း ဒီဇင်ဘာ ၁၉**
ချင်းပြည်နယ်(မြောက်ပိုင်း) ဖလမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်ရရှိသူ ချင်းလိုက် (Chin Light) ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖလမ်းမြို့နယ် တားလ်-လေးလက်လမ်းခွဲမှ ရှုလ်ဘူးကြား လိုက်ကွာချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပစ္စည်းများစုဆောင်းထားရှိမှု၊ ကမ်းကပ်ခုံနှင့် တောင်နံရံများအတွက် ပန္နက်ရိုက်ထားမှုတို့အား ဒီဇင်ဘာ ၇ ရက်က မြို့နယ်ဦးစီးမှူး ဦးလာလ်ဟုပ် ထန်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ ချောင်းကူးတံတားမှာ ကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ခြေ ၂၉၇ အိမ်၊ လူဦးရေ ၁၄၄၅ ဦးတို့မှ အသုံးပြုလျက်ရှိကြပြီး လက်ရှိတွင် ဒေသထွက် သစ်လုံးများဖြင့် ယာယီတံတားခင်းထားခြင်းဖြစ်ရာ အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေရှိသည့် ကားကူးကျောက်စီ ကမ်းကပ်ခုံ၊ သံပေါင်၊ ယက်မနှင့် သစ်မာခင်း တံတားအဖြစ် နိုင်ငံတော်က ငွေကျပ် ၁၈ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုဟေဆာ**

## ပဲပိစပ်ဈေးနှုန်းမြင့်တက်မှုကြောင့် ပုန်းရည်ကြီးလုပ်ငန်း လုပ်ကိုင်သူများ အကျိုးအမြတ်နည်းပါးလျက်ရှိ

**ငါ့သရောက် ဒီဇင်ဘာ ၁၉**
ပုန်းရည်ကြီးလုပ်ငန်းတွင် အဓိကကုန်ကြမ်းဖြစ်သော ပဲပိစပ်ဈေးနှုန်းမှာ မြင့်တက်လာသည့်အတွက် ပုန်းရည်ကြီးလုပ်ငန်းရှင်များ အကျိုးအမြတ်နည်းပါးကာ လုပ်ငန်းမပျက်ရုံ ထိန်းသိမ်း ပြုလုပ်နေရသည်။ပဲပိစပ် ဈေးနှုန်း မြင့်တက်လာခြင်းမှာ တရုတ်၊ ဂျပန်၊ ကိုရီးယားမှ အဝယ်လိုက်လာသည့်အတွက် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် ပဲပိစပ်မှ ဆီများထုတ်လုပ်ပြီး ကိုရီးယားတွင် ပဲခေါက်ဆွဲနှင့် ဂျပန်နိုင်ငံမှ ပဲနို့ရည်များ ထုတ်လုပ်သည့်အတွက် နိုင်ငံခြားဈေးကွက်ဝင်လာကြောင်း သိရသည်။



ပဲပိစပ်ကို မြောင်၊ ပျဉ်းမနားဘက်မှ အဓိကထွက်သည်။ မြင်းခြံ-တောင်သာ ငါ့သရောက်နှင့် နွားထိုးကြီးနယ်တို့တွင် အထွက်နည်းသည်။ ပုန်းရည်ကြီးလုပ်ငန်း လုပ်ကိုင်သူများမှာ ပဲပိစပ်ကို မြောင်နှင့် ပျဉ်းမနားဘက်မှ အဓိက ဝယ်ယူရသည်။ ပဲပိစပ်မှာ ယမန်နှစ်က တစ်တင်းခွဲဝင်အိတ် (ပိဿာ ၃၀) ပါ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ ကျော်ရှိရာမှ ယခုနှစ်တွင် ပိဿာ ၃၀ ပါ ပဲပိစပ်အိတ်တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ ပေးရသည်။ ပဲပိစပ်ဈေးနှုန်း မြင့်တက်လာမှုကြောင့် ပုန်းရည်ကြီးလုပ်ငန်းရှင်များ အကျိုးအမြတ်နည်းပါးလျက်ရှိသည်။ ဖောက်သည်မပျက်ရေး အလုပ်အကိုင် ပုံမှန်ရရှိရေးအတွက်သာ လုပ်ကိုင်နေရသည်။

ပုန်ရည်ကြီးလုပ်ငန်းအတွက် ပဲပိစပ်ကုန်ကြမ်း အရည်အသွေးမြင့်မှသာ ပုန်းရည်ကြီးအရည်အသွေးကောင်းမွန်သည်။ ပဲပိစပ်သက်တမ်းနုပြီး အရည်အသွေးမကောင်းပါက ပုန်းရည်ကြီး အရောင်ဖျော့ပြီး ပဲပိစပ် အရည်အသွေးကောင်းကာ သက်တမ်းရင့်ပါက ပုန်းရည်ကြီး အရောင်ရင့်သည်။ ပုန်းရည်ကြီး ကျိုချက်မှုတွင် ဆားခပ်ပြီးသာကျိုချက်ပြီး ဓာတုဆေးဝါးကင်းစင်သည့် အော်ဂဲနစ် စားသောက်ကုန်ပင်ဖြစ်သည်။လက်ရှိကာလတွင် ပဲပိစပ်ဈေးနှုန်းမြင့်တက်သည့်အတွက် ပုန်းရည်ကြီးလုပ်ငန်းရှင်များ အကျိုးအမြတ်နည်းပါးပြီး လုပ်ငန်းမပျက်ရုံ ထိန်းသိမ်း လုပ်ကိုင်နေရကြောင်း သိရသည်။ **တိမ်တမန်**

# "ပထမ"နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း KBZ BANK အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

(၂၀၁၁–၂၀၁၂) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ"

(၂၀၁၂–၂၀၁၃) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ"

(၂၀၁၃–၂၀၁၄) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၇,၀၆၂.၆၆ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ"

(၂၀၁၄–၂၀၁၅) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၂၂,၀၁၃.၆၁ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ"

(၂၀၁၅–၂၀၁၆) အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၂၂,၉၅၉.၈၃ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့သောကြောင့် ဝင်ငွေခွန် "ပထမ"

(၅)နှစ်ဆက် ရရှိကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ သိရှိရပါသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

IBTC

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့

# “ပထမ” နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော အခွန်ထမ်း “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ” အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ပေးဆောင်ခဲ့သည့်အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် “ကမ္ဘောဇဘဏ်လီမိတက်” သည် “ပထမ” နေရာမှ(၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ “ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း” သည်လည်း စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်းကျပ်ငွေ(၁၁၀.၆၈၂)ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသဖြင့် “KBZ GROUP/ KBZ BANK ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း” အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးကျော်ဆွေ
ဥက္ကဋ္ဌ
Famous Parami Construction Co., Ltd.

**ရွှေမဟာဆေးသုပ်လုပ်ငန်း**

Putty (2) Coat ,Sealer (2)coat ,Paint (3)Coat

1. Unitex 1′ × 1′ -220
2. Orient 1′ × 1′ -270
3. Premier 1′ × 1′ -380
4. ICI (or) Nippon 1′ × 1′ -450

ဝန်ဆောင်မှုကောင်းခြင်းနှင့် အရည်အသွေး အာမခံသည်။
Ph. 09-459946670,09-459946658

**ပျောက်ဆုံးကြောင်း**

ကျွန်မတို့၏ Ignite Technology Group Co., Ltd. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မူရင်းအမှတ် ၃၈၈/၂၀၀၃-၂၀၀၄၊ ထုတ်ပေးသည့်နေ့စွဲ (၂၉-၅-၂၀၁၃)မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁ ၂၂၇၃၂၆၊ ၀၉ ၅၀၀၀၈၈၃

**ကား ရောင်းမည်**

Prado 1999 Model Pearl White 7G/-- ကားကောင်းသည်။
1KZ အင်ဂျင်
ဖုန်း-၀၉ ၄၅၅၈၀၁၄၈၈

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၄–င/၄၁–က)၊ အကျယ်အဝန်း (၀.၀၅၇ ဧက)အကျယ်ရှိ ဒေါ်နွယ်နွယ်ဝင်း အမည်ပေါက်သော ဘီ(လ/န–၁၉)မြေပိုင်မြေကွက် (အရပ်ခေါ်အားဖြင့်) လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၁၄/၁၅) ဟုခေါ်တွင်သည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်နွယ်နွယ်ဝင်း၊ (၁၂/ရကန(နိုင်)၀၄၉၈၇၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

တရားလွှတ်တော်ရှေ့နေများ — ဦးသန်းထွန်း LL.B, D.B.L (စဉ်–၄၅၉၉)၊ ဦးဝင်းအောင် LL.B, D.M.L, D.B.L (စဉ်–၈၁၅၆)

အထက်တန်းရှေ့နေများ — ဒေါ်ဟန်သီစိုး LL.B,WIPO ,IADCS(UK) (စဉ်–၃၉၄၄၇)၊ ဒေါ်ဝတ်ရည်ဌေး LL.B,LL.M (စဉ်–၃၆၉၁၇)

**စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ**

ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 510760, 510940, 510950, 500643, 502517, 2304311
ဗဟန်းရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01 - 552742/ 559320, 09 5060938, 09 5060940, 09 73500535

**ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း**

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၇၆
၀၉ ၂၅၂၀၈၂၅၃၃
၁၁၀၀၀ ကျပ် ၁၅၀၀၀ ကျပ်

**EAGLE GUEST HOUSE**

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇
၁၀၀၀၀ ကျပ် ၁၅၀၀၀ ကျပ်

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊

ပြည်တွင်းအခွန်များဦးစီးဌာနမှ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ

၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက်

**တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက်**

"ကမ္ဘောဇဘဏ်လီမိတက်" သည် "ပထမနေရာ" မှ "(၅)နှစ်ဆက်"

ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်းသိရှိရသဖြင့်

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

နောင်နှစ်များတွင်လည်း ယခုကဲ့သို့

နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး ထမ်းဆောင်နိုင်ပြီး

နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

AUNG MYIN THU GROUP OF COMPANIES

ဦးစောငြိမ်း၊ ဦးလှမျိုး၊ ဦးမင်းသန့်

အောင်မြင်သူကုမ္ပဏီများအုပ်စု

AUNG MYIN THU GROUP OF COMPANIES

- Auspicious Millennium Trading Co., Ltd
  ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးအခွန်အများဆုံးထမ်းဆောင်သူများတွင် ကုန်သွယ်ခွန် အဆင့် (၂၁)၊ ဝင်ငွေခွန်အဆင့် (၃၇) အဆင့်ရှိ အခွန်ထမ်းကုမ္ပဏီ
- Aung Myin Thu Group Construction & Real Estate Development Co., Ltd
- Aung Myin Thu Group Export & Import Co., Ltd
- Aung Myin Thu Wholesale & Distribution
- Auspicious System Co., Ltd
- Royal Oil Group Co., Ltd


SPRING LINE
★ Hlaing River Landmark ★
8th Jan 2017
Body Structure ဆောက်လုပ်ပြီးစီးခြင်း အခမ်းအနား
ဆောက်လုပ်မှုပြီးစီးသော PROJECT မှသာ
လူကြီးမင်းတို့အတွက် အာမခံနှင့်
ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ကို အခိုင်အမာဖြစ်စေပါသည်
*FREEHOLD LAND
*BUILDING COMPLETED 80%
*NEW CITY CENTER
*ROOM UNIT VARIABLE
Hlaing
River
SPRING LINE
Aung zaya Bridge
Bayint Naung Bridge2
Bayint Naung Bridge
VIP Customers များအတွက်
နေ့စဉ်မြန်မာငွေ ၁၀၀၀၀၀ကျပ်ကို
Booking Date မှ 8 JAN 2017 နေ့ထိရယူလိုက်ပါ၊
Special Offer For Vip Customer
100,000 Ks/day
Valid From Booking Date Till To 8th Jan 2017
The Earlier You Book
The More You Get
Room Unit Can Variable
Living And Office Together As Desired
Complete & Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Permanently Property Rights Of Land
Wealth For Next Generation
Cluster Of Active Business Center
Boutique Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: အမှတ် ( ၄၆၀ ) လှိုင်မြစ်လမ်း ၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။
( ပေါက်တောဂ မီးပွိုင့်မှ အောင်ဇေယျ တံတား မတက်ခင် ညာဘက်ခြမ်း )
Facebook: Springline complex
Shwe Oak Khai Construction Co.,Ltd.

တက္ကသိုလ်ဝင်တန်းဖြေဆို အောင်မြင်ထားသူများ၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ စတင်ပြင်ဆင်ရန် နိုင်ငံတကာ အသိအမှတ်ပြု သင်ရိုးများဖြင့် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့် သင်ကြား စစ်ဆေးပေးနေပါသည်။

PEARSON HND CENTRE No. 90092
Pearson
BTEC
LINCOLN UNIVERSITY COLLEGE

- MBA in Hospitality Management
- HND in Hospitality Management
- Dip. in Tourism & Hospitality Management
- Dip. in Sales & Marketing, HR Management
- Front Office Operation & Opera PMS Course
- International Culinary & Bakery Pastry Course
- Food and Beverage Service Course
- English Course (Native Speaker)
- Hotel Accommodation Course
- Barista & Cocktail Course
- Flight Attendant Couse

10% OFF
Promotion Extended till 5th Jan 2017



STAR ACADEMY
No. 267, Room - 202, Pyay Road, Sanchaung Township, Yangon, Myanmar.
Hot Line : (95-1) 523 623, 230 4020, 09 5020 302, info@staresources.com

မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ခေါင်းလိမ်းဆီ



ဂုဏ်မြင့်သူ
ဆံပင်သန်၊ ဆံပင်ပေါက်ဆေး

- ဆံပင်ပျော့ပျောင်း၍ မောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916) ၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၂၆၂၃) ၊ ကြော်ငြာခွင့်ပြုချက်အမှတ် ၈၁/၀၃၁၆

ပါကေး အစားထိုး ကြမ်းခင်း
Merry Christmas And Happy New Year Promotion!
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Think of House, Think of Home



Buy Flooring → Get Box
၄ ကျင်း ဝယ်လျှင် ၁ ပုံး လက်ဆောင်



Grade A,B,C,D စစ်မှန်မှုကိုဓာတ်ဖြင့် "အခုပဲ" လက်တွေ့ စစ်ဆေးပေးသည်။
★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
★ လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
ဒိတ်ရက်မရှိ
(အင်းစိန်) (သင်္ဃန်းကျွန်း) (ပဲခူး) (မန္တလေး) (တောင်ကြီး)
(အောင်ဆန်းကွင်း) (မြောက်ဥက္ကလာ) (မော်လမြိုင်) (ပြင်ဦးလွင်) (မုံရွာ) (နေပြည်တော်)
HOTLINE: 09-79 700 70 70
09-79 700 70 80

## Panasonic လျှပ်စစ်မီးခလုတ်၊ Breaker အတုများနှင့်ပတ်သက်သော အသိပေးကြေညာချက်

Panasonic Corporation (formally known as 'Matsushita Electric Industrial Co.,ltd') သည်လျှပ်စစ် နှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်၍ ကမ္ဘာတစ်ဝန်း၌ ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။ ထို့အပြင် ၎င်းပိုင်အောက် ဖော်ပြပါကုန်အမှတ်တံဆိပ်ကို မြန်မာနိုင်ငံ တွင်လည်း တရားဝင် မှတ်ပုံတင်ထား ပြီးဖြစ်ပါသည်။

**Panasonic** Registration Number. 1986/101 and 1859/2016

Panasonic Japan အနေဖြင့် ၎င်းပစ္စည်းများ သုံးစွဲသူများအား အလေးထားကျေးဇူးတင်အပ်ပါသည်။ ယခုအခါတွင် Panasonic လျှပ်စစ်မီးခလုတ် အတုများနှင့် Breaker အတုများကို ရန်ကုန်မြို့ နှင့် တခြားမြို့ အချို့ တွင် ရောင်းချနေကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ ပစ္စည်းအတုများအား ရောင်းချ၊ ဖြန့်ဖြူးနေခြင်းသည် Panasonic ကုန်အမှတ်တံဆိပ်၏ မူပိုင်ခွင့်အား ချိုးဖောက်ရာ ရောက်ပါသည်။ အတုများကို ဝယ်ယူသုံးစွဲသူများသည်လည်း လျှပ်စစ်အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် Panasonic ကုန်ပစ္စည်းများအား ဝယ်ယူသုံးစွဲအားပေး နေကြသူများနှင့် Panasonic ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် တရားဥပဒေများ နှင့်အညီ ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

Panasonic Corporation ၏ အထက်ပါပစ္စည်းများနှင့် ပတ်သက်၍ မြန်မာပြည်အတွက်တရားဝင်ဖြန့်ဖြူး ရောင်းချခွင့်ရှိသော ကုမ္ပဏီ -

**Yandayar Trading Co., Ltd**
၃၀(ခ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၀၂၃၁၃၊ ၅၀၁၃၂၉၊ ၅၁၂၉၁၁။


လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဥမ္မာထွန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၀၇)
ဖုန်း- ၅၅၇၉၉၀၊ ၅၅၉၈၉၄ ။

Panasonic Corporation
Panasonic Asia Pacific Pte.Ltd (Myanmar Branch)
No.G-15, Tower D, Pearl Condominium, Kabar Aye Pagoda Road, Bahan Township.Yangon. ဖုန်း-8604657.

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029, 09-253065979


23
မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING










TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

# ကြော်ငြာ

### အထူးကျေးဇူးတင်ရှိခြင်း
### ဒေါ်နော်ဆာကပေါ်
**ကုန်သွယ်ရေး(၉) (အငြိမ်းစား)**
### အသက်(၇၁)နှစ်

၅-၁၂-၂၀၁၆ ရက်နေ့တွင် ခရစ်တော်၌အိပ်ပျော်သွားသော ပုသိမ်မြို့၊ အိမ်အမှတ်(၇၃၁)၊ စံစီဖိုးလမ်းနေ (ဦးစောဖိုးကျွန်း)၏ဇနီး၊ နော်မြတ်သူခိုင် (မြန်မာ့မီးရထား-ရုံးချုပ်၊ နေပြည်တော်)၊ နော်ခိုင်သဇင်ဖိုး (ပန်းလှိုင်စီလုံဆေးရုံကြီး-ရန်ကုန်)တို့၏မွေးသမိခင်ကျေးဇူးရှင် အမိုးကြီး ဒေါ်နော်ဆာကပေါ်၏နောက်ဆုံးခရီးမှာ မေတ္တာဖြင့် ပါဝင်ကူညီလုပ်ဆောင်ပေးခဲ့ကြသော သပြေကုန်း၊ ရေဆင်း၊ ပျဉ်းမနား၊ ရန်ကုန်၊ ပုသိမ်၊ ဘဲဂရက်နှစ်ချင်း ခရစ်ယာန်အသင်းတော်များမှ ဆရာတော်ကြီးများနှင့် အသင်းသူအသင်းသားများ၊ မြန်မာ့မီးရထားမှ အရာထမ်းအမှုထမ်း ဝန်ထမ်းများအားလုံး၊ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်း အရာထမ်း အမှုထမ်းများ ဝန်ထမ်းများအားလုံး၊ အမိုးအပါးကိုချစ်ကြသော သားသမီးများအားလုံး၊ နာရေးသတင်းမေးမြန်းကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေ သူငယ်ချင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ ဘုရားရှင်၏ ကောင်းချီးမင်္ဂလာအဖြာဖြာ အားလုံးအပေါ်သို့ ကျရောက်ပါစေ။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
### ရဟန်းဒါယကာကြီး
## ဦးကြည် (ကျောက်ပန်းတောင်း)
## အသက်(၉၀)

သူငယ်ချင်း ဦးမင်းအောင် (အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား)နှင့် ဒေါ်နီလာအေးတို့၏ ဖခင်ကြီးသည် ၁၇-၁၂-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ် (၈၀-၈၃) ခုနှစ်များအတွင်းမှ**
**စက်မှုအင်ဂျင်နီယာ ကျောင်းနေဖက်သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်း ဒါယကာကြီး
### ဦးကြည်(ကျောက်ပန်းတောင်း) အသက်(၉၀)

ဦးမင်းကြည် (လက်ထောက်အထွေထွေမန်နေဂျာ၊ ရောင်းစက်မှူး၊ မြန်မာ့သစ်လုပ်ငန်း၊ မကွေးတိုင်းဒေသကြီး)-ဒေါ်သန်းသန်းအေးတို့၏ မွေးသဖခင် ဦးကြည် အသက် (၉၀)သည် ၁၇-၁၂-၂၀၁၆ (စနေနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ လက်ထောက်မန်နေဂျာ (ရောင်း/စက်)**
**မြန်မာ့သစ်လုပ်ငန်း၊ အလုပ်ဝင်အရာထမ်းသူငယ်ချင်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးကြည် (ကျောက်ပန်းတောင်း)
### အသက် (၉၀)

ပါမောက္ခ ဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)တို့၏ဖခင်ကြီး ဦးကြည် အသက် (၉၀)သည် ၁၇-၁၂-၂၀၁၆ ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသားဟောင်းများအသင်း**
**သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးကြည် (ကျောက်ပန်းတောင်း) အသက် (၉၀)

ပါမောက္ခဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)တို့၏ဖခင်ကြီး ဦးကြည် အသက် (၉၀)သည် ၁၇-၁၂-၂၀၁၆ ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**
**သွားရောဂါကုဆေးပညာဌာန**
**သွား/ဆေးတက္ကသိုလ်၊ မန္တလေး**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာ ဦးအေးမြင့်
**(မီးရထားဆရာဝန်-ငြိမ်း၊ တောင်တွင်းကြီးမြို့)**
### အသက်(၈၃)နှစ်

သူငယ်ချင်း ဒေါက်တာနေမျိုး၏ ဖခင်သည် ၁၆-၁၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၁၉၉၁ Batch B.V.S မှ**
**ချစ်သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသူရအောင်
## အသက်(၅၂)နှစ်

သူငယ်ချင်း Dr.တင်တင်အေး(NTO,WHO)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၆-၁၂-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိလားပါစေ။

**Class of 1987 IM(1) ဘွဲ့ရသူငယ်ချင်းများ**

---

**ဘုရား၊ သိမ်၊ ကျောင်း၊ ဆေးရုံ၊ ရဟန်းအမကြီး**
### ဒေါ်တင်ရီ (၈၇)နှစ်
**ကျူမငေးမြို့၊ ရွှေထီးသက်န်းတိုက်**

ရန်ကုန်မြို့၊ အမှတ် (47, D)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်နေ ရွှေထီးသက်န်းတိုက်(ဦးသောင်းထွန်း)၏ဇနီး၊ ဦးကျော်စိုး-ဒေါ်ပြုံးပြုံး(ရွှေထီးသက်န်းတိုက်)၊ ဦးလှမျိုး-ဒေါ်စန်းစန်းဝင်း (မဟာတော်ဝင်သက်န်းတိုက်-ပြေလည် မန္တလေးဖိနပ်တိုက်)၊ ဗိုလ်မှူးဘိုဘို(ငြိမ်း)-ဒေါ်ခင်သန်းနွဲ့(ရွှေထီးသက်န်းတိုက်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုကျော်ဇင်ထွန်း၊ Dr.အောင်မျိုးမင်း-မသက်သက်ထွန်း၊ ကိုပြည့်ဖြိုးနိုင်-မဖြူဖြူသောင်း(MIND Group Co., Ltd)၊ မနေဇာမျိုး၊ Dr. မျိုးထက်ပိုင်၊ မောင်ဇော်ဝေယံဖြိုး၊ မဟေသာမေကျော်ဇင်တို့၏ဘွားဘွားကြီး ဒေါ်တင်ရီသည် ၁၉-၁၂-၂၀၁၆(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြတ်သူ(ခရမ်းမြို့) (၅၁)နှစ်
**(Resources Group Construction Co., Ltd)**

ခရမ်းမြို့နေ (ဦးထွန်းရွှေ-ဒေါ်ကြည်ကြည်)တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၇၃/၇၅-ဘီ)၊ ခုနစ်လွှာနေ ဒေါ်တင်တင်လှ၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ယဉ်နွဲ့)၊ ဒေါ်သန်းမြင့်၊ ဦးကျော်သူ (NIHC)-ဒေါ်မြင့်မြင့်အေး၊ ဦးသောင်းထွန်း (ထိပ်တန်းအပေါင်ဆိုင်-အင်းစိန်)-ဒေါ်အေးအေးထွန်း(အမက၄၄-အင်းစိန်)၊ ဦးကျော်နိုင်-ဒေါ်စမ်းမြင့်နွယ်တို့၏ ချစ်လှစွာသောညီ/မောင်၊ မယမင်းအေး၊ မမြတ်သဲစုပွင့်၊ မယွန်းမိမိသူတို့၏ ချစ်လှစွာသောဖခင် ဦးမြတ်သူသည် ၁၉-၁၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၈း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၆(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးကြည် (ကျောက်ပန်းတောင်း) အသက် (၉၀)

ပါမောက္ခဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)တို့၏ဖခင်ကြီး ဦးကြည် အသက် (၉၀)သည် ၁၇-၁၂-၂၀၁၆ ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး**
**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**
**သွားရောဂါကုဆေးပညာဌာန သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးကြည် (ကျောက်ပန်းတောင်း) အသက် (၉၀)

ပါမောက္ခဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)တို့၏ဖခင်ကြီး ဦးကြည် အသက် (၉၀)သည် ၁၇-၁၂-၂၀၁၆ ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး**
**ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ**
**မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုပညာဌာန၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးကြည် (ကျောက်ပန်းတောင်း) အသက် (၉၀)

ပါမောက္ခဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)တို့၏ဖခင်ကြီး ဦးကြည် အသက် (၉၀)သည် ၁၇-၁၂-၂၀၁၆ ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမများ**
**ဝန်ထမ်းများ**
**သွားညှိကုပညာဌာန၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးကြည် (ကျောက်ပန်းတောင်း) အသက် (၉၀)

ပါမောက္ခဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)တို့၏ဖခင်ကြီး ဦးကြည် အသက် (၉၀)သည် ၁၇-၁၂-၂၀၁၆ ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမများ**
**ဝန်ထမ်းများ**
**ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးကြည် (ကျောက်ပန်းတောင်း)
### အသက် (၉၀)

ပါမောက္ခဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)တို့၏ဖခင်ကြီး ဦးကြည် အသက် (၉၀)သည် ၁၇-၁၂-၂၀၁၆ ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**17th Batch B.D.S မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်အေး (၆၇)နှစ်
### (ကသ-၁၂၁၊ အောင်ဆန်း(၁၀)၊ ဖောင်ကြီး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် (၁၂၄)နေ ဒေါ်ချိုချိုမာ၏ခင်ပွန်း ဦးတင်မောင်အေး(ကသ-၁၂၁)အောင်ဆန်း(၁၀)သည် ၁၇-၁၂-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဖောင်ကြီး၊ အောင်ဆန်း(၁၀)သူငယ်ချင်းများ**

---

## အနိစ္စ

**ခရစ်တော်၌အိပ်ပျော်ခြင်း**
### ဆရာမနော်ကေးရာဒီး
**အငြိမ်းစားဆရာမ၊ အလက(၄)၊ အမက(၈) (အင်းစိန်)**
### အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန် ကျမ်းစာသင်ကျောင်းလမ်းနေ [စောပန်းအေး(ခ) စောဖောခု-နော်ဂရစ်စီ]တို့၏ သမီး၊ (နော်ကူးရီ)၊ (စောကီးဒို)တို့၏ ညီမ၊ (နော်ထြူဖဲနာ)၏အစ်မသည် ၁၉-၁၂-၂၀၁၆(တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၁၂-၂၀၁၆(အင်္ဂါနေ့) နံနက် ၉နာရီတွင် Seminary Church Center တွင် ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်သုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (ဖူးသာဖြူရှေ့မှ ကားများ စတင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးဟုတ်ရှိန်
### အသက် (၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အမှတ်(၁)၊ သုခလမ်းနေ (ဦးဝီးယား-ဒေါ်အေးမေ)တို့၏သားကြီး၊ ဒေါ်ခင်ဗွာ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်စောအိုင်-(ဦးကက်နက်)တို့၏မောင်၊ ဦးဟုတ်ယူ-ဒေါ်လိဖိန် [ခေတ္တ-တရုတ်(တိုင်ပေ)]၊ ဦးဟုတ်ရန်-ဒေါ်ခင်သန်းဝင်း၊ ဒေါ်ခင်လေးခိုင်-ဦးသိန်းထွန်း၊ ဦးကက်ဗွာ-ဒေါ်လင်းရှုယ(USA)၊ ဦးကက်လှိုင်(ခ) ဦးဇော်ထွန်း-ဒေါ်ခင်ခင်အေးတို့၏ အစ်ကို၊ ဒေါ်ခင်အုန်းရီ-ဦးကျင်ဝင်း၊ ဦးနိုင်အောင်ထွန်း-ဒေါ်သန္တာ၊ ဒေါ်ခင်စိုးကြည်-ဦးမြင့်ခိုင်၊ ဦးမြင့်သိန်း-ဒေါ်တင်တင်မြ၊ ဒေါ်ခင်သန်းရီ-ဦးသန့်ဇင်၊ ဒေါ်ခင်မျိုးရီ-(ဦးမင်းဇော်)တို့၏ဖခင်၊ မြေး ၁၆ယောက်တို့၏အဘိုး၊ မြစ်ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)**
### ဦးထွန်းအောင်ကျော်
### အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ တိုက် (၁၃)၊ (၆/ဘီ)နေ ဒေါ်သိန်းညွန့် (အလပြ-ငြိမ်း၊ အထက-၂၊ တောင်တွင်းကြီး)၏ခင်ပွန်း ဦးထွန်းအောင်ကျော်သည် ၁၇-၁၂-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၆ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
### Pu On Za Thang (Tui Mui)WoII
### အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ရန်မျိုးအောင်(၂)လမ်း၊ အမှတ် (၁၈၂)နေ (Pu Thawng Za Cin- Pi Ning Khaw Ninag)တို့၏သား၊ (Nu Cing Khaw Ciin Nu၊ Nu Cing Khaw Hau)တို့၏ မောင်၊ Nu Ngai Khan Cin, Pa Kai Khan Thang၊ Pa Cin Khen Go၊ (Nu Niang Khaw Zam) တို့၏အစ်ကို၊ ဒေါ်ချော၏ချစ်လှစွာသောခင်ပွန်း၊ Pu Cin Sian Lian-Pi Cin Lam Vung၊ Pi Ciin Sial Vung ဦးမြမောင်၊ Tg. Than Khen(USA)၊ Lia Hau Lun Niang တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၈-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၁၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်နှင့် မောနွေလမှ ကားများ မွန်းတည့် ၁၂နာရီနှင့် ဝါယာလက်၊ ထန်းပင်ကုန်း၊ ရွှေပြည်သာမှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်နန်းစံ (၉၃)နှစ်
**တာလေ(တာချီလိတ်)**

တာချီလိတ်ခရိုင်၊ တာလေမြို့နေ (ဦးမော်ကျောက်)၏ဇနီး၊ ဦးမောင်ကြီး-ဒေါ်ယဉ်ယဉ်ထွေး၊ (ဦးသူရစိုး)-ဒေါ်နန်းယုံ၊ ပါမောက္ခ Dr. ဦးသန်းဆွေ- ဒေါ်နန်းနွဲ့၊ ဦးစိုင်းကို-ဒေါ်နန်းဝိုးဖန်၊ ဗိုလ်မှူးချုပ်ကျော်ဦးလွင်(ငြိမ်း)-ဒေါ်နန်းယဉ်မျိုးစု၊ ဦးမြိုင်ဟင်း-ဒေါ်နန်းဖူး၊ ဗိုလ်ကြီးသန့်ဇင်အောင်(ငြိမ်း)- ဒေါ်နန်းခင်နှင်းအေး၊ ဦးဆူးဝမ်း-ဒေါ်နန်းခင်နှင်းထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၂၀ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီး၊ အမှတ်(၂၅)၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းနေ ဒေါ်နန်းစံသည် ၁၈-၁၂-၂၀၁၆ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးတင်မောင်(ငြိမ်း) (၈၄)နှစ်
**(မိုးကုတ်)**

ရေနံချောင်းမြို့နေ (ဦးခင်မောင်ကြီး-ဒေါ်မမတင်)တို့၏ သားသမက်၊ မိုးကုတ်မြို့နေ (ဦးဘသာ-ဒေါ်ထွန်း)တို့၏သား၊ (ဒေါ်ခင်သင်ဆွေ-ရေနံတွင်း စား)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဆွေဝင်းမောင်-ဒေါက်တာဝင်းတင်မောင်အေး၊ ဦးထွန်းထွန်းလေး-ဒေါ်ဆွေဝင်းမာ၊ ဦးတေဇာသန်းမောင်-ဒေါ်အေးအေးဆွေ၊ ဒေါ်ဉမ္မာဆွေတို့၏ ချစ်လှစွာသောဖခင်၊ ကျော်ဝဏ္ဏမောင်၊ ဇွန်မေခင်၊ ဟိန်းမင်းထက်-ခင်သဲစုနိုင်၊ မေသဲတေဇာ၊ Sandi မောင်၊ ထူးဝင်းတေဇာ၊ မင်းသိန်းနိုင်တို့၏ ချစ်လှစွာသောအဘိုး၊ ဝေယံမင်းထက်၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၉-၁၂-၂၀၁၆ရက် နံနက် ၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၆ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်-၅၂၆၊ မစိုးရိမ်ကျောင်းလမ်း၊ ကိုးမိုင်နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား ဒါယကာကြီး**
### ဦးကျော်သန်း (၇၉)နှစ်
### (ရွှေဘုံသာဘုရားကြီး-ဂေါပကဥက္ကဋ္ဌ)
### (ကုန်သွယ်ရေး-၁၂) (ယာဉ်/စက်-ငြိမ်း)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးဘိုးသစ်-ဒေါ်နီ)တို့၏ သား၊ (ဦးရွှေဖျိုင်း-ဒေါ်အေးလုံ)၏ သားသမက်၊ ဒေါ်ခင်ဦး၏ ချစ်ခင်ပွန်း၊ ဦးမောင်မောင်တိုး-ဒေါ်မိုးမိုသန်း (MMT-ကုန်ရောင်းဝယ်ရေး)၊ ဦးတင်မောင်အေးထူး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ရီရီသန်းတို့၏ဖခင်၊ မောင်ကောင်းဆက်ဟန် (Final Part-I၊ ဆေးတက္ကသိုလ်-၂)၊ မအေးမြသံသာထူး (2nd MB ဆေးတက္ကသိုလ်-၁)၊ မယွန်းပန်းအိ (Grade-10)တို့၏ဘိုးဘိုးကြီး ဦးကျော်သန်း (ကုန်သွယ်ရေး-၁၂၊ ယာဉ်/စက်-ငြိမ်း)သည် ၁၉-၁၂-၂၀၁၆ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ကလေးမြို့ ဒိုးဝိုင်းချောင်းသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
### ဦးဝင်းမောင် (ပုလောမြို့)
### အသက် (၆၉)နှစ်
**အသင်းဝင်အမှတ်-၃၅၇၄**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ နီလာလမ်းနေ ဒေါ်မြကြူ၏ ခင်ပွန်းသည် ၁၇-၁၂-၂၀၁၆ ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

---

### ဦးထွန်းဇော် (၅၇)နှစ်
**1984 Geology**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြမာလာလမ်း၊ အမှတ်(၅)နေ (ဦးကိုကို-ဒေါ်ခင်ခင်)တို့၏ သား၊ (ဦးဖိုးမှို)-ဒေါ်ခင်ညွန့်တို့၏သားသမက်၊ ဒေါ်မာမာဆွေ၏ချစ်ခင်ပွန်း၊ ကိုကျော်ဇေယျာ-မငုဝါဇော်၊ ကိုစည်သူဇော်၊ ကိုညီသူဇော်တို့၏ချစ်လှစွာသောဖခင်၊ မောင်ပိုင်ထွဋ်ဇေ၏အဘိုးသည် ၁၈-၁၂-၂၀၁၆(တနင်္ဂနွေနေ့) ည ၈း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ ကမာရွတ်မြို့နယ် နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
### ဒေါ်မေမြတ်စိုး(မြိတ်)
### အသက်(၅၀)
**အသင်းဝင်အမှတ်(၆၅၄၉)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၂၃)၊ (မြေညီထပ်)နေ ဦးမျိုးဝင်း၏ဇနီးသည် ၁၈-၁၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အသင်းမှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
### ဦးတင်အောင်
**ဦးစီးအရာရှိ(ငြိမ်း)၊**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၁၈)၊ ဗိုလ်ဇော်ဂျီလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ၊ ဒေါ်ကြည်မြင့်၏ခင်ပွန်း၊ ဦးဝင်းသိန်း (Liz Star Shipping Co., Ltd)-ဒေါက်တာလဲ့လဲ့အောင် (တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရွှေဘိုတက္ကသိုလ်)၊ ဦးနေဝင်းအောင်-ဒေါ်ဖြူဖြူခိုင်၊ ဦးဇော်သူအောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မင်းထက်အောင်၊ မောင်အောင်ကျော်ခန့်၊ မလင်းလင်းထိုက်တို့၏အဘိုးသည် ၁၈-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်စောအေး(ခ)အငယ်မ
### အသက်(၄၁)နှစ်

စစ်တွေမြို့၊ တရားသီးစုရပ်ကွက်၊ လမ်းမကြီးနေ (ဦးလှထွန်းကျော်)- ဒေါ်သန်းတင်တို့၏ သမီးချွေးမ၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ အောင်ထွန်းဦးလမ်းနေ (ဦးအေးမောင်ချေ)-ဒေါ်မခင်လှတို့၏ သမီး၊ ဦးကျော်ဝင်း၏ ဇနီး၊ မောင်ကျော်မျိုးသူ (အထက-၂)၊ မောင်သူရအောင်တို့၏မိခင်၊ ဒေါ်ဦးခင်အေး၊ ဦးခင်မောင်အေးတို့၏ညီမ၊ ဒေါ်ခင်မြအေး၊ ဦးသန်းကျော်ငွေး၊ ဦးဖြိုးအောင်လင်းတို့၏ အစ်မသည် ၁၇-၁၂-၂၀၁၆ (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (သာကေတ၊ ၉/ရပ်ကွက်၊ ဓမ္မရိပ်သာကျောင်းရှေ့မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု



**ပုံတောင်ပုံညာဒေသအား ဂေဟအကျိုးပြု ခရီးသွားလုပ်ငန်းဒေသအဖြစ် သတ်မှတ်နိုင်ခဲ့ပါက ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဖြစ်**

ပြည်သူ့လွှတ်တော်အစည်းအဝေး စာမျက်နှာ - ၅

**မက်သာဒုံးဆေးအစား တိုင်းရင်းဆေးဝါးများအခြေခံသည့် မူးယစ်ဖြတ်ဆေးများ စီစဉ်ထုတ်လုပ်ပေးရန် အစီအစဉ် ရှင်းလင်းပြောကြား**

အမျိုးသားလွှတ်တော်အစည်းအဝေး စာမျက်နှာ - ၅



# ရိုးမ – ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲ ကျင်းပမည်




၂၀၁၆ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ မြင်ကွင်း။

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၀၁၇ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်တွင် သုဝဏ္ဏအမျိုးသားအားကစားရုံ(၁)၌ကျင်းပမည်ဖြစ်ရာ နိုင်ငံခြားသား ၅၂၅ ဦး၊ မြန်မာနိုင်ငံသား ၇၄၇၅ ဦး စုစုပေါင်းအမျိုးသား အမျိုးသမီး ၈၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၁၇ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲ အစည်းအဝေးမှ သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

